ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ဓမ္မပဒ (ဓမ္မပဒ-၁၂၆)

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 22 August 2019 ၉၇၆၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

## သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်း ၇၆ ခုမှာ စီးပွားဖြစ်စတင်လည်ပတ်နေပြီး လုပ်ငန်း ၂၀ မှာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Myanmar Japan Thilawa Development (MJTD) ရုံး Multipurpose Hall ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama၊ Myanmar Japan Thilawa Development Ltd.(MJTD) ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် President and CEO, Mr. Tomoyasu Shimizu တို့က

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Yakult Myanmar Co., Ltd.** စက်ရုံမှ ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

## ကြေးမုံ ယနေ့ဖတ်စရာ


**နိုင်ငံတစ်ဝန်းတပ်ဆင်ထားသော FM Station ၁၆၄ ရုံအတွက် လုပ်ငန်းလိုင်စင်ကြေးများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်မှစ၍ နှစ်စဉ် မှန်မှန်ပေးသွင်းလျက်ရှိ**
ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၇

**ကျောင်းများကို အခြေပြု၍ ကျန်းမာရေးမြှင့်တင်ခြင်း**
ဆောင်းပါး စာမျက်နှာ » ၆

**ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ ပြုံယမ်းအရေး ဆွေးနွေး**
စာမျက်နှာ » ၁၂

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပ**
စာမျက်နှာ » ၈





ကြေးမုံ

## မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မြင့်မား

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ထွန်းသစ်စမြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှုများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ကျင်းပခဲ့သော ရင်းနှီးမြှုပ်နှံမှုဖိုရမ်၌ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့နှင့် စီးပွားရေးချဲ့ထွင်နိုင်မည့် နယ်ပယ်သစ်များ ပေါ်ထွက်လာသည်။

မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ အစိုးရ၏ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကို တွေ့နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုပါကြောင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများ၊ အခက်အခဲများရှိနေသည့်ကြားမှ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်သောကြောင့် စီးပွားရေးဘက်တွင် နှစ်စဉ်တိုးတက်လျက်ရှိသည့်အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်လာသဖြင့် အာဆီယံနိုင်ငံအဆင့်တွင် အမြင့်ဆုံးဖြစ်လာသည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများအား သိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရန် ရည်ရွယ်၍ မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ပြုလုပ်နိုင်ခြင်းကြောင့် စီးပွားရေးအခွင့်အလမ်းသစ်များ ထပ်မံပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်းရှိသည်။ ယခုအခါ သီလဝါ အထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီ ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီထက်ဝက်ကျော်မှာ ဂျပန်နိုင်ငံမှ ဖြစ်သည်။ ဂျပန်နိုင်ငံမှ Suzuki နှင့် Toyota ကားကုမ္ပဏီများအပြင် Yakult Probiotic drink နှင့် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများပါဝင်သည်။ အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများတွင် General Electric ၊ Chevsron နှင့် Ford ကုမ္ပဏီများသည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး အမေရိကန်နိုင်ငံ Overseas Private Investment Corporation ၏ Apollo Towers ကုမ္ပဏီမှ တစ်ဆင့် ဆက်သွယ်ရေးတာဝါတိုင်ပေါင်း ၁၈၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းသည် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်း၊ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်စနစ် မိတ်ဆက်ပေးခြင်းနှင့် စီမံကိန်းနှင့်မြေယာဘဏ်လုပ်ငန်းများအား ပြုပြင်ပြောင်းလဲပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ် နှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာ့စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွင် အလားအလာကောင်းများရှိနေပြီဖြစ်ရာ တာဝန်ယူမှုရှိသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဖိတ်ခေါ်ပြီး ဝိုင်းဝန်းမြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ပြခန်းခြောက်ခုဖြင့်ပြသသွားရန် အဆင့်မြှင့်တင်



**ရန်ကုန် ဩဂုတ် ၂၁**

ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားကာ အစဉ်အလာကြီးခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းကို အများပြည်သူများသိရှိလေ့လာနိုင်စေရန် ရန်ကုန်မြို့ ဝင်္ကပါလမ်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်း မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်၌ ပြခန်းခြောက်ခုဖြင့် ဖွင့်လှစ်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ရုပ်ရှင်ရဲ့သမိုင်း**

"ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကိုဖွင့်လှစ်နိုင်ဖို့ ဆောက်ရွက်နေပါတယ်။ အခုအခါ ပြခန်းပြင်ဆင်မှုတွေလုပ်နေတယ်။ ဒီနှစ်အောက်တိုဘာ အပြီးမှန်းထားပေမယ့် သမိုင်းပြတိုက်ဆိုတော့ သုတေသနပိုင်းတွေက အသေအချာလုပ်ရတယ်။ ဒီအတွက်မကြာမီ အမြန်ဆုံးပြီးအောင်တော့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီပြတိုက်ကရုပ်ရှင်ရဲ့သမိုင်းပါပဲ။ သမိုင်းက ကြာသွားရင် မေ့သွားကြမှာလေ၊ ဒါကို ကျွန်တော်တို့က တော်တော်လေးကို သမိုင်းသုတေသနတွေ အဆင့်ဆင့်ပြုစုပြီး ဆောင်ရွက်နေတာပါ။ ဒီပြတိုက်ကြီးပြီးစီးသွားရင် အများ ပြည်သူတွေနဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေ လာရောက်လေ့လာနိုင်မှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

လက်ရှိတွင် ပြတိုက်အဆောက်အဦအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကာ အသစ်ပြန်လည် မွမ်းမံဆောင်ရွက်နေမှုများပြီးစီးနေပြီး အတွင်းပိုင်းပြခန်းများပြင်ဆင်မှု၊ ပြသမည့် သမိုင်းဝင်မှတ်တမ်း သုတေသနပြုခြင်းနှင့် အခြား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ၁၉၉၈ ခုနှစ်တွင် ကနဦးအစ ဖွင့်လှစ်ကာပြသနိုင်ခဲ့ကြောင်း၊ ထိုကာလများတွင် လာရောက်လေ့လာသူများ စည်ကားများပြားခဲ့ကြောင်း၊ နောက်ပိုင်းကာလများတွင် ပိတ်သိမ်းခဲ့ပြီး ယခုအခါတွင် အသစ်တစ်ဖန်ပြန်လည် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဦးအေးကြူလေးက ထပ်လောင်းပြောကြားသည်။

**ခေတ်အဆက်ဆက်**

အဆိုပါ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်၌ မြန်မာ့ရုပ်ရှင်၏ တစ်ခေတ်တစ်ခါတွင် ထင်ရှားကျော်ကြားခဲ့သော ငွေရတုခေတ် ၁၉၂၀ - ၁၉၄၅ ခုနှစ်အထိ ပြခန်း၊ ရွှေရတုခေတ် ၁၉၄၆ - ၁၉၇၀ ခုနှစ်အထိပြခန်း၊ စိန်ရတုခေတ် ၁၉၇၁ -၁၉၉၅ ခုနှစ်အထိ ပြခန်း၊ ယခုလက်ရှိ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်ပြခန်းနှင့် မြန်မာ့ရုပ်ရှင်၏ ၁၉၅၂ ခုနှစ်မှ ယနေ့အထိ ထူးချွန်အကယ်ဒမီ ရရှိမှုပြခန်းနှင့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သော စက်မှုပြခန်းများပါဝင်ကာ စုစုပေါင်းအခန်းခြောက်ခန်းကို ပြတိုက်အပေါ်ထပ်တွင် သုံးခန်း၊ အောက်ထပ်တွင် သုံးခန်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်၌ ခေတ်အဆက်ဆက်တွင်ခေတ်အလိုက် ထင်ရှားကျော်ကြားခဲ့သော ဒါရိုက်တာကြီးများ၊ ခေတ်အလိုက်ထင်ရှားခဲ့သော မင်းသားကြီးများ၊ မင်းသမီးကြီးများ၏ ဓာတ်ပုံမှတ်တမ်းများ၊ စတန့်ရိုက်ကွင်းဓာတ်ပုံများ၊ သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားကြီးများ၊ ဗီဒီယိုဇာတ်ကား၊ မြန်မာ့ရုပ်ရှင်ကို ပုံဖော်ခဲ့ကြသော အကယ်ဒမီ ခြောက်ဆုရှင် ဆရာကြီးဦးသုခနှင့် ဦးမောင်မောင်၊ ဦးညီပု၊ ဦးအုန်းမောင်တို့၏ ရုပ်တုများနှင့် ယနေ့ခေတ်အထိ ခေတ်အဆက်ဆက် အကယ်ဒမီရရှိလာခဲ့သော အနုပညာရှင်များ၏ ပုံရိပ်မှတ်တမ်းများနှင့် အကယ်ဒမီပြခန်းများအပြင် ရိုက်ကူးပုံဖော်သည့် ရှေးဟောင်း ရုပ်ရှင်ကင်မရာကြီးများ၊ မီးထိုး၊ မီးဆိုင်းများ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ဖလင်အမျိုးမျိုး၊ ဓာတ်ပြားအမျိုးမျိုးနှင့် ရုပ်သံတည်းဖြတ်စက်များကို ဗဟုသုတရဖွယ် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရန်ကုန်မှ သိရသည်။

**မြင့်မောင်စိုး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၉၉ | ၁,၁၈၈,၀၀၀ |
| MTSH | ၄,၁၀၀ | ၃,၉၀၀ | ၁၇,၉၂၅ | ၇၁,၅၇၆,၈၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၅ | ၄၂,၀၀၀ |
| FPB | ၂၆,၀၀၀ | ၂၆,၀၀၀ | ၁၇၄ | ၄,၅၂၄,၀၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၉၅၁ | ၂,၉၀၀,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂၁**

ရန်ကုန်(ရွှေဈေး) ၁၂၂၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၈၉၀ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၉၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၀၀ ကျပ် | ၉၂၀/၉၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၀/၇၁၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၀.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၅.၅၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၄၇၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၄၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၁၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၂၉.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၅၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၀.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဒေးမြန်မာပရဟိတအဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေးမြန်မာပရဟိတအဖွဲ့မှ စောင့်ရှောက်ခံ အမျိုးသမီးငယ်တစ်ဦးအား နွေးထွေးစွာ တွေ့ဆုံအားပေးစဉ်။

**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ လူကုန်ကူးခံရသည့် အမျိုးသမီးများအား ပြန်လည်ပြုစုပျိုးထောင်ပေးပြီး ရေရှည်အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဟံသာရိပ်မွန်လုံးချင်းအိမ်ရာဝင်းအတွင်း ဖွင့်လှစ်ထားသည့် ဒေးမြန်မာပရဟိတအဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် သွားရောက်ကြည့်ရှုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒေးမြန်မာမှ တာဝန်ရှိသူများက လူကုန်ကူးခံရသည့် အမျိုးသမီးများအား စောင့်ရှောက်ထားရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**သတင်းစဉ်**

**ဓာတ်ပုံ-Claire Steyn (ဒေးမြန်မာ)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေးမြန်မာပရဟိတအဖွဲ့မှ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

## မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ အဆိုပါဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းနှင့် မိသားစုများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ကိုယ်စား ဒေါက်တာမိစန္ဒာမွန်က အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က အသင်းဖြစ်ပေါ်လာရခြင်းအကြောင်းရင်း၊ ဖြစ်ပေါ်လာပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာမြသီတာက အခြေခံမျိုးဆက်ပွားကျန်းမာရေးအကြောင်းနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသဇင်ညွှန့်တို့က သားဆက်ခြားနည်းလမ်းအမျိုးမျိုး၏ အကျိုးအကြောင်းကို ရှင်းပြပြီး အဆင်မပြေသေးသောအချိန်တွင် မလိုချင်သော သားသမီးများ မရအောင် မိမိတို့ စိတ်တိုင်းကျရွေးချယ်သုံးစွဲခြင်းဖြင့် သာယာလှပသော မိသားစုဘဝ၊ လူမှုဘဝများ ထူထောင်နိုင်ကာ တစ်ကိုယ်ရည်မိခင်ဘဝ၊ ရင်ခွင်မဲ့ကလေးဘဝများ မရောက်ရအောင် ရှင်းလင်းဟောပြောသည်။ ယင်းနောက် တက်ရောက်လာသူများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ဒေါက်တာမိစန္ဒာမွန်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့လာသော ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်၊ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama၊ Myanmar Japan Thilawa Development Ltd.(MJTD) ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် President and CEO, Mr. Tomoyasu Shimizu တို့က သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြစဉ်။

*ဓာတ်ပုံ-သက်အောင်*

☆ **ရှေ့ဖုံးမှ**

သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

**အရေးကြီးသည့်ကဏ္ဍမှ ပါဝင်**

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သီလဝါအထူးစီးပွားရေးဇုန်ကို မြင်တွေ့လိုက်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ Master Plan လုပ်ဆောင်ထားသည်ကို တွေ့ရပြီး ကုန်ထုတ်လုပ်သည့် စက်ရုံများသာမက လူနေထိုင်သည့် အဆောက်အအုံများပါ ပါဝင်သည့်အတွက် လုံခြုံရေးသည် အရေးကြီးသကဲ့သို့ အကျိုးအမြတ်ရရှိရေး၊ အောင်မြင်စွာ အကောင်အထည်ဖော်ရေးသည်လည်း အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်အတွက် အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် Coordination နှင့် Cooperation ရှိရန် အရေးကြီးကြောင်း၊ ဌာနဆိုင်ရာအချင်းချင်း ဆက်ဆံရာတွင် Coordination သည် အရေးကြီးသကဲ့သို့ ပြည်သူများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ ကုမ္ပဏီများနှင့် ဆက်ဆံရာတွင်လည်းကောင်း Cooperation သည် အရေးကြီးပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်တွင် Complaint Program ကို အသစ်တီထွင်လုပ်ဆောင်ထားသည့်အတွက် ပြည်သူများနှင့် ထိတွေ့သည့်အခါ လုပ်ဆောင်သည့်စနစ်သည် ငြိမ်းချမ်းစွာဆောင်ရွက်နိုင်သည့် ကောင်းမွန်သော အစဉ်အလာကောင်းနှင့် အကောင်အထည်ဖော်မှု စနစ်ကောင်းတစ်ခု ဖြစ်လာပါကြောင်း၊ စီးပွားရေးမူဝါဒအရ အလုပ်အကိုင်ဖန်တီးပေးမှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုတို့သည်လည်း ချိတ်ဆက်နေပါကြောင်း။

**လွန်စွာအားရမိ**

One Stop Service Center (OSSC) သည် နေ့စဉ်နေ့တိုင်းအတွက် အမှန်တကယ် အောင်မြင်အောင် လုပ်ကိုင်ပေးနေသည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည့်အတွက် လွန်စွာအားရမိပါကြောင်း၊ လျင်လျင်မြန်မြန်နှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ Coordination နှင့် Cooperation ရှိခြင်းတို့သည် OSSC ၏ အောင်မြင်မှုတစ်စိတ်တစ်ဒေသ ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်၏ ကြိုးစားဆောင်ရွက်မှုနှင့် ဦးဆောင်မှုကောင်းခြင်းတို့ကြောင့် ဤကဲ့သို့ အောင်မြင်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ One Stop Service Center(OSSC)သို့ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Suzuki Thilawa Motor Co., Ltd. စက်ရုံမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ သီလဝါအထူးစီးပွားရေးဇုန်(အေ)အတွင်းရှိ နားကြပ်များ၊ စပီကာများ၊ Headphone များထုတ်လုပ်နေသည့် Foster Electric Thilawa Co.,Ltd.စက်ရုံ၊ ဆေးဝါးထုတ်လုပ်နေသည့် Zifam Pyrex Myanmar Co., Ltd. စက်ရုံ၊ ကျန်းမာရေး နို့ဒိန်ချဉ်ထုတ်လုပ်နေသည့် Yakult Myanmar Co., Ltd. စက်ရုံနှင့်မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေသည့် Suzuki Thilawa Motor Co., Ltd. စက်ရုံများသို့ သွားရောက်ရာ စက်ရုံတာဝန်ရှိသူများက ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် စက်ရုံများအတွင်း ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

**၁၁၃ ခုကို လုပ်ကိုင်ခွင့်ပြုခဲ့**

သီလဝါအထူးစီးပွားရေးဇုန်တွင် လက်ရှိနိုင်ငံပေါင်း ၂၀ မှ လုပ်ငန်းပေါင်း ၁၁၃ ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကာ ယင်းတို့အနက် လုပ်ငန်း ၇၆ ခုမှာ စီးပွားဖြစ်စတင်လည်ပတ်နေပြီး လုပ်ငန်း ၂၀ မှာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများတွင် အမြဲတမ်းလုပ်သား ၉၀၀၀ ကျော်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများအပါအဝင် စုစုပေါင်း ၂၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန် ဇုန်အေ ၄၀၅ ဟက်တာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် စီးပွားဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းပေါင်း ၈၇ ခုကို ခွင့်ပြုမိန့်ထုတ်ပေးထားကာ ဇုန်ဘီကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းပေါင်း ၁၈ ခု ခွင့်ပြုမိန့်ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန်ရှိ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးမှုပုံရိပ်များ





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Suzuki Thilawa Motor Co., Ltd.** စက်ရုံတွင် ကားများတပ်ဆင်ထုတ်လုပ်နေသည်ကို ကြည့်ရှုစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန် (အေ)အတွင်းရှိ **Foster Electric Thilawa Co., Ltd.** စက်ရုံမှ ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။

- သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများတွင် အမြဲတမ်းလုပ်သား ၉၀၀၀ ကျော်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများအပါအဝင် စုစုပေါင်း ၂၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိ။
- သီလဝါအထူးစီးပွားရေးဇုန် ဇုန်အေ ၄၀၅ ဟက်တာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် စီးပွားဖြစ်စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းပေါင်း ၈၇ ခုကို ခွင့်ပြုမိန့် ထုတ်ပေးထားကာ ဇုန်ဘီကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းပေါင်း ၁၈ ခု ခွင့်ပြုမိန့် ထုတ်ပေးထားပြီးဖြစ်






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Zifam Pyrex Myanmar Co., Ltd.** စက်ရုံတွင် ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။

# ကျောင်းများကို အခြေပြု၍ ကျန်းမာရေးမြှင့်တင်ခြင်း

ဒေါက်တာမြင့်မြင့်သန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ဒေါက်တာဖြူဖြူအေး( ညွှန်ကြားရေးမှူး(ကျောင်းကျန်းမာ))

**နိုင်ငံတော်၏အနာဂတ်ပန်းများ**

"ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ၊ နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း..."၊ စာသင်ခန်းများဆီမှ ညီညာသံပြိုင်များက ကျောင်းဖွင့်ပါပြီဟု အသိပေးနေသည်။ ယခုလို မိုးကာလသည် ကျောင်းဖွင့်ရာသီ။ နွေရာသီကျောင်းပိတ်ရက်ကုန်ဆုံး၍ စိမ်းလန်းသောမိုးရာသီတွင် စာသင်နှစ်တစ်နှစ်ကို အစပြုမြဲ..။ စိန်ပန်းနီနီ၊ ဖြူစိမ်းလေးများနှင့် ရောင်စုံထီးများ၊ ခေါင်းလောင်းသံ ဆူညံတီးတိုးအသံများနှင့် မုတ်သုံမိုးစက်တို့ ဆွတ်ဖျန်းသောကာလတွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတို့ စာသင်နှစ်တစ်နှစ်ကို စတင်၍ သက်ဝင်လှုပ်ရှားကြသည်။

ပညာရေးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံအတွင်း အခြေခံပညာ ထက်-လယ်-မူ ကျောင်းပေါင်းလေးသောင်းကျော်တွင် ကျောင်းသားပေါင်း ကိုးသန်းကျော်ကို ပညာသင်ကြားပေးလျက်ရှိပါသည်။ လူဦးရေအနေနှင့် ကြည့်လျှင် လူဦးရေအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးထက်ပင် ကျော်လွန်များပြားသော ပမာဏဖြစ်၏။ ထိုမျှသာမက မူကြိုကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများတွင်ရှိသော ကျောင်းသား ဦးရေကိုပါ ထည့်သွင်းမည်ဆိုပါက နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်မျှ ရှိသော လူဦးရေပမာဏကို ရရှိပေမည်။ လူဦးရေအရ အလွန်ထုထည်ကြီးမားသော ကျောင်းသားလူငယ်ထုကြီးဖြစ်သည်။ အရေအတွက်သာမက စွမ်းအားကလည်း အနန္တပင်..။ နုနယ်ပျိုမြစ်သော တက်သစ်စ အရွယ်၊ လူမှုဘဝ၏ သောကဒုက္ခတို့ အထိုက်အလျောက် ကင်းသော အရွယ်ဖြစ်သည်။ သင်ကြားတတ်မြောက်လိုစိတ်၊ စူးစမ်းလေ့လာလိုစိတ်နှင့် ကိုယ်တိုင်ပါဝင်လှုပ်ရှားလိုစိတ်တို့ ဖြစ်ပေါ်တတ်သော သဘောရှိသဖြင့် ကျောင်းသားလူငယ်ဘဝအတွက် သဘာဝကပေးသော လက်ဆောင်များဟု ဆိုရမည်ဖြစ်သည်။ ထိုမျှမကပါ၊ နိုင်ငံတော်ကလည်း လူငယ်များကို တန်ဖိုးထားကာ ဦးစားပေးသောခေတ်ဖြစ်လေသည်။

**ကျောင်းများကို အခြေပြု၍**

"အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းက" ဟု ဆိုကြသည်။ **အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက**ဟု ပဲ့တင်လိုက်ချင်ပါသည်။ ငယ်စဉ်ကာလကတည်းက ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လေ့ကျင့်သင်ကြားပေးရာတွင် စာသင်ကျောင်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်ကို နိုင်ငံတကာသုတေသန လေ့လာချက်များက ဖော်ပြထားသည်။ ကျောင်းများကိုအခြေပြုသော ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများသည် ငွေကုန်သလောက် ရေတိုရေရှည်တွင် အကျိုးများသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသင့်သည်ဟု ဆိုကြသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ၁၉၉၅ ခုနှစ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းများမှတစ်ဆင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများသာမက ပြည်သူတစ်ရပ်လုံးအား ကျန်းမာမှုအဆင့်မြှင့်တင်ခြင်းနှင့် ကျန်းမာမှုပညာပေးခြင်းလုပ်ငန်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် Global School Health Initiative တွင် တိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။ ကျန်းမာရေးအဆင့်မြှင့်ကျောင်းများ ထူထောင်ခြင်းကို ထိရောက်သောနည်းဗျူဟာအဖြစ် ချမှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကျောင်းသားလူငယ်တစ်ရပ်လုံးတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝဟန်ပုံစံများ (Healthy Life Styles) သိရှိကျင့်သုံးစွဲမြဲစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး ကျန်းမာရေးအဆင့်မြှင့်ကျောင်းများကို တစ်နိုင်ငံလုံးလွှမ်းခြုံမှုရရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အဓိကတာဝန်ခံမည့် ဌာနကြီးများဖြစ်ကြသော ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှစ်ခုတို့၏ ပူးပေါင်းမှုအင်အားဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

သို့သော် လုပ်ငန်းများ၏ သဘာဝကိုက "ခုရေတွင်းတူး ခုရေကြည်သောက်" တော့မဖြစ်နိုင်၊ အချိန်ယူရပေမည်။ တစ်ဆင့်ပြီးတစ်ဆင့် တက်ဖို့ရန် မှန်ကန်သော ခြေလှမ်းများဖြင့် ဟန်ချက်ညီညီသွားကြမည်။ အပြန်အလှန်နားလည်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းတို့ကို အရင်းခံကာတွေ့ဆုံမည်၊ ညှိနှိုင်းမည်၊ လိုအပ်ချက်များကို ပြုပြင်သွားမည်။ တစ်ချိန်မှာ တစ်ခုပဲရရ ...၊ အဲသည်တစ်ခုက ကလေးများ၏ ဘဝရှေ့ရေးအတွက် အကျိုးများလိမ့်မည်။ နိုင်ငံနှင့်ချီသော အနာဂတ်ရည်မှန်းချက်ကြီးအတွက် အစိတ်အပိုင်းသေးသေးလေးတွေက အရင်းခံအကြောင်းတရားများအနေဖြင့် ဆက်စပ်ပတ်သက်နေသည်ကို အမြင်ချင်းဖလှယ်ကြမည်၊ လက်ရှိအရင်းအမြစ်များကို အသုံးပြုရင်း နောက်ထပ်အရင်းအမြစ်များတိုးပွားအောင်လုပ်ကြရပေဦးမည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံ၏အနာဂတ် မျိုးဆက်သစ်များအတွက် "တို့သားသမီး မြေးမြစ်တွေအတွက်လို့ နှလုံးသွင်းလိုက်သည်နှင့် နှစ်ကြိမ်ညှိစရာမလို"။ စေတနာအလိုလို ရှိလာရသည်။ ရှေ့ဆက်လျှောက်မည့်ခရီးသည် တမျှော်တခေါ်..၊ ရှည်လျား၊ ကြမ်းတမ်းမည်..၊ အခက်အခဲများရှိမည်..၊ သို့သော်လည်း တူညီသော စိတ်နှလုံးဖြင့် မဆုတ်မနစ် ဆောင်ရွက်ကြဖို့သာ လိုရင်းဖြစ်မည်ဟု ယုံကြည်ပါသည်။

**ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုမှတ်တိုင်များ**

- (၁၉၂၁)ခုနှစ်တွင် မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေးလုပ်ငန်းကို စတင်ဆောင်ရွက်သည်။
- (၁၉၅၁)ခုနှစ် ကလေးသူငယ်ကျန်းမာရေးဌာနနှင့် မြို့ကြီးများတွင် ကျောင်းကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။
- (၁၉၇၈-၇၉) ခုနှစ်တွင် ပထမပြည်သူ့ကျန်းမာရေးစီမံချက် စတင်သည်မှ ကျောင်းကျန်းမာရေးလုပ်ငန်းကို အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကဏ္ဍတစ်ရပ်အဖြစ် ပေါင်းစည်း၍ ဆောင်ရွက်ခဲ့ပါသည်။
- (၂၀၀၀)ပြည့်နှစ်၊ ဩဂုတ်လ(၁၁)ရက်နေ့စွဲဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ ကျောင်းကျန်းမာရေး ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။
- အစိုးရသစ်လက်ထပ်တွင် နိုင်ငံတော်သမ္မတရုံးမှ (၂၀၁၈)ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/ ၂၀၁၈ ကို ထုတ်ပြန်ကာ ဗဟိုအဆင့် ကျောင်းကျန်းမာရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။
- (၂၀၁၉)ခုနှစ်၊ ဇွန်လအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ကျင်းပခဲ့သည်။

**ကျန်းမာရေးအဆင့်မြှင့်ကျောင်း**

ကျောင်းသား ကျောင်းသူများ သင်ယူလေ့လာရန်နှင့် ပညာရေးဝန်ထမ်းများ အလုပ်လုပ်ကိုင်ရန် ကျန်းမာရေးနှင့် ညီညွတ်သည့် နေရာဌာနတစ်ခုဖြစ်စေရန် အစဉ်အမြဲ ဆောင်ရွက်လျက်ရှိသောကျောင်းကို ဆိုလိုပါသည်။

**ကျန်းမာရေးအဆင့်မြှင့်ကျောင်း၏ လက္ခဏာများ**

- ကျောင်း၏လုပ်ပိုင်ခွင့်များ၊ စီမံခန့်ခွဲခွင့်အတိုင်းအတာဖြင့် အသင့်တော်ဆုံးလုပ်ငန်းချဉ်းကပ်မှုပုံစံကို အသုံးပြု၍ ကျန်းမာရေးနှင့် ပညာရေးကို မြှင့်တင်နိုင်ခြင်း
- ကျန်းမာရေးနှင့် ပညာရေးဌာန၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ပါဝင်မှုဖြင့် စာသင်ကျောင်းကို ကျန်းမာရေးနှင့် ညီညွတ်သော နေရာတစ်ခုအဖြစ် စုပေါင်းဖန်တီးနိုင်ခြင်း
- ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဖန်တီးခြင်းနှင့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်စိတ်ကျန်းမာရေး အတွက် ဖန်တီးနိုင်ခြင်း
- တစ်ဦးတစ်ယောက်ချင်းစီအတွက် ကျန်းမာရေးနှင့် အောင်မြင်မှုများ အတွက် အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း
- ကျောင်းတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများ၊ မိသားစုများ၊ ရပ်မိရပ်ဖများအတွက်သာမက ပြည်သူလူထု၏ ကျန်းမာရေးကိုပါ မြှင့်တင်ခြင်း

**ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်(၉) ရပ်**

(၁) ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်း
(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း
(၃) ရောဂါကာကွယ်ရေးလုပ်ငန်း
(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း
(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း
(၆) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှ ပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း
(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း
(၈) သင်တန်းနှင့် သုတေသနလုပ်ငန်း
(၉) ကာယနှင့် အားကစားလုပ်ငန်း

အဆိုပါ လုပ်ငန်းစဉ် (၉) ရပ်ကို ကျေးလက်ဒေသရှိ မူလတန်းကျောင်းများအထိ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျောင်းကျန်းမာရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားရှိပါသည်။ ဗဟိုအဆင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်အထိ အဆင့်တိုင်းတွင် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကော်မတီတိုင်းတွင် တာဝန်နှင့်ဝတ္တရားများ သတ်မှတ်ထားရှိသည်။

(၂၁) ရာစုတွင် နည်းပညာများခေတ်မီတိုးတက်လာသည်နှင့်အမျှ လူနေမှုဘဝပုံစံများ ပြောင်းလဲခြင်းကြောင့် ကျောင်းသားလူငယ်ထုအတွင်း ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြစ်ပွားစေကြောင်း သုတေသန လေ့လာချက်များအရ တွေ့ရှိရသည်။

> ' မြန်မာနိုင်ငံ ကျောင်းသားလူငယ်တစ်ရပ်လုံးတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝဟန်ပုံစံများ သိရှိကျင့်သုံးစွဲမြဲစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး ကျန်းမာရေးအဆင့်မြှင့်ကျောင်းများကို တစ်နိုင်ငံလုံးလွှမ်းခြုံမှုရရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အဓိကတာဝန်ခံမည့် ဌာနကြီးများဖြစ်ကြသော ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှစ်ခုတို့၏ ပူးပေါင်းမှုအင်အားဖြင့် ဆောင်ရွက်ခြင်းဖြစ် '

**ကျောင်းသားလူငယ်ထုအတွင်း ကျန်းမာရေးဆိုင်ရာ ပြဿနာများ**

**(၁) ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း**

- ကျောင်းသား ကျောင်းသူများတွင် ဆေးလိပ်သောက်သုံးခြင်းမှာ ၂၀၀၇ ခုနှစ်တွင် ၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ ဖြစ်လာသည်ကို တွေ့ရှိရပြီး ကွမ်းယာစသော အငွေ့မထွက်သည့် ဆေးရွက်ကြီးသုံးစွဲမှုသည် ၂၀၀၇ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၂၀၁၆ ခုနှစ်တွင် ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပါသည်။ (GSHS-2007 and GSHS-2016)

**(၂) တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်း (ကိုယ်တိုင်မသောက်သုံးသော်လည်း သောက်သုံးသကဲ့သို့ အန္တရာယ်ရှိပါသည်။)**

- ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော Global Youth Tobacco Survey (GYTS-2016) အရ မြန်မာနိုင်ငံတွင် လက်ရှိကျောင်းသား ကျောင်းသူ သုံးဦးလျှင် တစ်ဦးမှာ အိမ်တွင် ဆေးလိပ်ငွေ့နှင့်ထိတွေ့မှုရှိနေပြီး ၁၀ ဦးလျှင် သုံးဦးမှာ လူမှုပတ်ဝန်းကျင်တွင် ဆေးလိပ်ငွေ့ကို ထိတွေ့မှုရှိကြောင်း တွေ့ရှိရပါသည်။

**(၃) အရက်သောက်သုံးခြင်း**

- ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော Global School Based Student Health Survey (GSHS-2016) အရ ကျောင်းသား ကျောင်းသူများတွင် အရက်သောက်သုံးခြင်း ၄ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ၎င်းတို့အနက် ထက်ဝက်ခန့်မှာ အသက် ၁၄ နှစ် မတိုင်ခင် အရက်ကို စတင်သောက်သုံးနေပါသည်။

**(၄) အချိုရည်များသောက်သုံးခြင်း**

- ကျောင်းသား ကျောင်းသူ နှစ်ဦးတွင် တစ်ဦးမှာ ကာဗွန်ပါသော အချိုရည်များကို တစ်နေ့လျှင် တစ်ကြိမ်ထက် ပိုသောက်သုံးကြောင်း တွေ့ရှိရပါသည်။ ကျောင်းသား ကျောင်းသူများ၏ ၄၆ ရာခိုင်နှုန်းမှာ ကျန်းမာရေးနှင့်မညီညွတ်သော အာဟာရတန်ဖိုးနည်း အသင့်စားအစားအစာများကို တစ်ပတ်လျှင် နှစ်ရက်ထက် ပိုစားသုံးကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဆိုးကျိုးများမှာ-အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးနှင့်သွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ အသည်းရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်ပါသည်။) (GSHS-2016)

**(၅) Video Game ကစားခြင်းပြဿနာ**

- ကျောင်းသား ကျောင်းသူ ခြောက်ဦးလျှင် တစ်ဦးမှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးပြီး video ကြည့်ခြင်း၊ ဂိမ်းကစားခြင်း စသည့် screen time အသုံးပြုချိန် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ (GSHS-2016)

ဆက်လက်ဖော်ပြပါမည်

# နိုင်ငံတစ်ဝန်း တပ်ဆင်ထားသော FM Station ၁၆၄ ရုံအတွက် လုပ်ငန်း လိုင်စင်ကြေးများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်မှစ၍ နှစ်စဉ် မှန်မှန်ပေးသွင်းလျက်ရှိ



ဒုတိယဝန်ကြီး
ဦးအောင်လှထွန်း



ဒုတိယဝန်ကြီး
ဦးလှကျော်



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်
ဦးဇော်ဝင်း



ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
ဥက္ကဋ္ဌ ဦးအောင်မင်း

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးမင်းသန်းအား ခန့်အပ်တာဝန်ပေးအပ်ခြင်းကိုတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြား

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂ ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များအပေါ် စိစစ်ရေးပူးပေါင်းအဖွဲ့ (၂၀)၏ စိစစ်တင်ပြချက်များနှင့် ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ်သုံးသပ်ချက်များကို အခြေပြု ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် လွှတ်တော်က သုံးသပ်ဆောင်ရွက်ရန်နှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသည့် စီမံကိန်းလုပ်ငန်းများအား ငြင်းပယ်ရန် သို့မဟုတ် လျှော့ချခွင့်ပြုရန် တင်ပြချက်များသည် ဘတ်ဂျက်ဥပဒေကြမ်း၏ ငွေလုံးငွေရင်းအပိုင်းအတွက် အကျုံးဝင်သည့် ပြင်ဆင်ချက်အဆိုများအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောကို ဆွေးနွေးလိုသည်ဖြစ်စေ၊ ဥပဒေအကြောင်းအရာအပါအဝင် နောက်ဆက်တွဲတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများကို ငြင်းပယ်ရန် သို့မဟုတ် လျှော့ချခွင့်ပြုရန် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေစာရင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာပါ စိစစ်ပြင်ဆင်ချက်များအတိုင်း လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းလည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ ရငွေ၊ သုံးငွေများအပေါ် အဖွဲ့အစည်းများ၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၂၀)တို့၏ စိစစ်ချက်များအရ သာမန်ရငွေတွင် ၁၀၁၄၄၇၀၀၀ သန်း တိုးမြှင့်ခြင်းနှင့် သုံးငွေစိစစ်လျှော့ချမှုငွေကျပ် ၄၁၈၀၇၄ ဒသမ ၆၄၈ သန်းတို့ကို အတည်ပြုသင့်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ (က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့် အခြေခံသဘောဆွေးနွေးခြင်းနှင့် စီမံကိန်းလုပ်ငန်းများ၊ ဘတ်ဂျက်ရငွေသုံးငွေများအပါအဝင် ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် တောင်းခံထားသည့် ငွေလုံးငွေရင်းအသုံးစရိတ်များသည် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများ တန်ဖိုးဖြစ်သည့်အတွက် ဘတ်ဂျက်၏ ငွေလုံးငွေရင်းအသုံးစရိတ် လျှော့ချမှုစုစုပေါင်းနှင့် စီမံကိန်းလုပ်ငန်းတန်ဖိုးလျှော့ချမှုစုစုပေါင်းသည် အစီရင်ခံစာနှစ်ခုတွင် တူညီနေကြောင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မူနှင့် အခြေခံသဘောဆွေးနွေးခြင်းကို အပိုင်းတစ်ပိုင်း၊ စီမံကိန်းလုပ်ငန်းများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ကို အပိုင်းတစ်ပိုင်း၊ ဘတ်ဂျက်ဥပဒေကြမ်း၏ သာမန်အသုံးစရိတ်ကို အပိုင်းတစ်ပိုင်း၊ လေ့လာစိစစ်ပြီး အတည်ပြုရန်၊ လျှော့ပြီးခွင့်ပြုရန်နှင့် ငြင်းပယ်ရန်တို့ကို ကွဲကွဲပြားပြားဖြစ်အောင် ဆွေးနွေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်ဌာန၊ အဖွဲ့အစည်းတို့ကိုဖော်ပြရန်လိုအပ်ကြောင်း၊ မူသဘောဆွေးနွေးမည်ဆိုပါက အကြောင်းအရာ အကျဉ်းချုပ်ကိုဖော်ပြပြီး၊ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည်ဆိုပါက ပြင်ဆင်လိုသည့် အကြောင်းအရာ၊ ကိန်းဂဏန်းတို့ကို တိကျစွာရေးသားဖော်ပြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၁/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## FM ကုမ္ပဏီများမှ ရရန်ရှိသည့် နိုင်ငံ၏ အခွန်ဘဏ္ဍာများသည် နစ်နာခြင်း လုံးဝမရှိ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇ အရ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကို ဖွဲ့စည်းရမည်ဖြစ်ပြီး ကောင်စီဖွဲ့စည်းနိုင်ရေးအတွက် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေဆဲကာလဖြစ်သော်လည်း လက်ရှိထုတ်လွှင့်နေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ FM ရေဒီယို အပါအဝင် မန္တလေး FM၊ ပဒ္မဝတီ FM ၊ ရွှေFM ၊ ပတ္တမြား FM ၊ ချယ်ရီ FM နှင့် FM ပုဂံများအနေဖြင့် နိုင်ငံတစ်ဝန်းတပ်ဆင်ထားသော FM Station ၁၆၄ ရုံအတွက် လုပ်ငန်းလိုင်စင်ကြေးများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်မှစ၍ နှစ်စဉ်မှန်မှန် ပေးသွင်းလျက်ရှိပါကြောင်း၊ သို့ပါ၍ FM ကုမ္ပဏီများမှရရန်ရှိသည့် နိုင်ငံ၏အခွန်ဘဏ္ဍာများသည် နစ်နာခြင်း လုံးဝမရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁၁/၂၀၁၉)ပါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရငွေများလျာထားရာတွင် ကြွေးကျန်များထည့်သွင်းလျာထားမှု မရှိခဲ့ခြင်းနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် သာမန်ရငွေများလျာထားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်နှင့် ရေဒီယိုအစီအစဉ်များအကြား ထည့်သွင်းသည့်ကြော်ငြာခရငွေများနှင့် အခြားအထွေထွေရငွေများအပြင် ဌာနနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများထံမှ သဘောတူစာချုပ်များအရ တစ်နှစ်အတွက်ရသင့်သည့် ပေးသွင်းရငွေများ၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ရရန်ရှိကြွေးကျန်များနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၃ လအတွက် ကြွေးကျန်များကိုပါ ထည့်သွင်းတွက်ချက်၍ ငွေကျပ်သန်း ၈၂၀၀ လျာထားပါကြောင်း။

ကုမ္ပဏီများက ဌာနသို့ပေးသွင်းရမည့် ငွေကြေးများ ပေးသွင်းရန်နောက်ကျပြီး ကြွေးကျန်များကျန်ရှိခြင်း၊ နောက်ကျပေးသွင်းခြင်းကိစ္စနှင့်ပတ်သက်၍ ပေးသွင်းရမည့် ငွေများကို စာချုပ်ပါစည်းကမ်းချက်များအတိုင်း တိကျစွာ ပေးသွင်းရန်နှင့် ကြွေးကျန်များမဖြစ်ပေါ်စေရေး အထူးဂရုပြုလိုက်နာ ဆောင်ရွက်ရန် သက်ဆိုင်ရာကုမ္ပဏီများသို့ ဝန်ကြီးရုံးမှ အသိပေး အကြောင်းကြားစာ ပေးပို့ထားခဲ့ပြီး ဌာနမှလည်း အကြိမ်ကြိမ်သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုအခါ စာချုပ်များ၏ ငွေကြေးပေးသွင်းခြင်းဆိုင်ရာအချက်များကို ပြင်ဆင်ပြီးဖြစ်ပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ ငွေကြေးပေးသွင်းမှုကို စနစ်တကျကြီးကြပ်ကိုင်တွယ် ဆောင်ရွက်ခဲ့သည့်အတွက် ဘဏ္ဍာရေးနှစ်အလိုက် ငွေကြေးပေးသွင်းမှုပုံမှန်ရရှိလာပြီး ကြွေးကျန်လျော့နည်းလာပါကြောင်း၊ သို့ပါ၍ ရငွေလျာထားချက်တွင် အမှန်တကယ်ရရှိနိုင်မည့်ရငွေများကို တိကျစွာ အနီးစပ်ဆုံး မှန်ကန်အောင် လျာထားဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁၁/၂၀၁၉)ပါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လျာထားတောင်းခံထားသည့် ငွေလုံးငွေရင်း အသုံးစရိတ်များအား အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်မှုမရှိ၍ အပြည့်အဝသုံးစွဲမှုမပြုနိုင်ခြင်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေး (၂/ ၂၀၁၇)တွင် ရခိုင်ပြည်နယ်တွင် FM Radio များ ယခုထက်ပိုမိုထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် FM Radio များ အခမဲ့ ဖြန့်ဝေနိုင်ရန် ဝန်ကြီးဌာနရှိ ဌာနအသီးသီးမှ ရန်ပုံငွေများကိုစိစစ်၍ ငွေကျပ်သန်း ၄၀၀အား အထွေထွေ ပိုလျှံရန်ပုံငွေသို့အပ်နှံပြီး FM Radio များဝယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့သဖြင့် FM Radio များအား တင်ဒါစနစ်ဖြင့် ဝယ်ယူနိုင်ရန် ကြေးမုံသတင်းစာတွင် ကြော်ငြာ၍ တင်ဒါဈေးနှုန်း စိစစ်ခဲ့ပါကြောင်း။

ဈေးနှုန်းတင်သွင်းသည့် ကုမ္ပဏီ ၃ ခုအနက် Radio တစ်လုံးလျှင် ငွေ ၇၃၄၂ ကျပ်ဖြင့် အလုံးရေ ၅၄၄၈၀ အတွက် ငွေကျပ် ၃၉၉ ဒသမ ၉၉၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါကြောင်း၊ တင်ဒါစိစစ်ချိန်က သတ်မှတ်ရက်အတွင်း ဘတ်ဂျက်နှစ်အမီ တင်သွင်းရန် တင်ဒါအောင်မြင်သူက ကတိပြုခဲ့သော်လည်း အလုံးရေ ၅၄၄၈ လုံးကိုသာ အချိန်မီပေးသွင်းနိုင်ခဲ့သဖြင့် ယင်းအတွက်ကျသင့်ငွေ ငွေကျပ် ၃၉ ဒသမ ၉၉၉ သန်းကိုသာ ပေးချေနိုင်ခဲ့ပြီး ကျန်ရှိသည့်အလုံးရေ ၄၉၀၃၂ အတွက် ငွေကျပ် ၃၅၉ ဒသမ ၉၉၂ သန်းအား ပြန်လည်အပ်နှံခဲ့ရခြင်း ဖြစ်ပါကြောင်း။

စာချုပ်ပါအတိုင်း အချိန်မီတင်သွင်းနိုင်ခြင်းမရှိသည့် ထိုကုမ္ပဏီအား နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဝယ်ယူခွင့်မပြုတော့ကြောင်း အသိပေးကြေညာပြီး အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် FM Radio အလုံးရေ ၄၉၀၃၂ အတွက် ငွေကျပ် ၃၅၉ ဒသမ ၉၉၂ သန်းအား ငွေလုံးငွေရင်းအသုံးစရိတ်တွင် တင်ပြ တောင်းခံ၍ပေးချေခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအခါ FM Radio များအားလုံးရောက်ရှိပြီးဖြစ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်သူများသို့ ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်တွင် FM Radio များ အခမဲ့ဖြန့်ဝေခြင်းအတွက် အထက်ပါအခြေအနေများအရ တောင်းခံငွေ အပြည့်အဝသုံးစွဲနိုင်မှု မရှိခဲ့ရခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁၁/၂၀၁၉)ပါ နိုင်ငံတော်သို့ ထည့်ဝင်ငွေပေးသွင်းရန် ကျန်ရှိနေသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ယခင်နှစ်အဆက်ဆက်ပေးရန် ကျန်ရှိနေသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများအနက် မူလပြုပြင်ပြီး ခွင့်ပြုငွေများတွင် ထည့်သွင်းလျာထားတောင်းခံမှုမရှိခြင်းနှင့်စပ်လျဉ်း၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တင်ပြစဉ် အမြတ်၏ ၂၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံတော် ထည့်ဝင်ငွေသည်ငွေကျပ် ၁၁၅ ဒသမ ၃၃၆ သန်းဖြစ်ပါကြောင်း၊ နှစ် ချုပ်စာရင်းအရ နိုင်ငံတော်ထည့်ဝင်ငွေသည် ငွေကျပ် ၃၈၄ ဒသမ ၃၇၁ သန်းဖြစ် သဖြင့်လိုငွေ ငွေကျပ် ၂၆၉ ဒသမ ၀၃၅ သန်းအား ထပ်မံပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ပေးဆောင်ရန်ကျန်ရှိသော နိုင်ငံတော်ထည့်ဝင်ငွေကျပ် ၂၆၉ ဒသမ ၀၃၅ သန်းအား ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်တွင် ဘဏ္ဍာစာရင်းခုနှိမ်ပေးချေပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၈ သို့

✻ ကျောဖုံးမှ

များကြောင့် ယနေ့ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခံစားနေကြရပါကြောင်း၊ ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ ဘေးတွေ့စဉ် ဝိုင်းဝန်းကူညီ ကယ်ဆယ်စောင့်ရှောက်ခြင်းနှင့် သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ အသေအပျောက် အပျက်အစီးနည်းပါးစေရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက်ရှိနေကြပါကြောင်း။

သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ကြရသည့်အခါ ဘေးအန္တရာယ်ဇုန်အတွင်းရှိ လူနှင့်တိရစ္ဆာန်များ ပြင်းထန်စွာ ထိခိုက်ခံစားနေကြရသည့်ကာလအတွင်း အန္တရာယ်ဇုန်ပြင်ပမှ လာရောက်ကူညီ ကယ်ဆယ်စောင့်ရှောက်မှုများသည် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ နှစ်စဉ်သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနေရသည့်ကာလတွင် အစိုးရသာမက ပြည်သူများ၊ လုပ်ငန်းရှင်များနှင့် လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်သည့်အလေ့အထ ပိုမိုအားကောင်းလာသည်နှင့်အမျှ ဘေးအန္တရာယ်ခံစားရသူများအတွက် ပိုမိုကောင်းမွန်သည့် ကူညီစောင့်ရှောက်မှုများ ပေးနိုင်လာသည်ကို တွေ့ရှိရပါကြောင်း။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းဘေးအန္တရာယ်များ ကြုံတွေ့နေရချိန်တွင် နယ်လှည့်ကျန်းမာရေး ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရေယာဉ်တစ်စင်းလှူဒါန်းသည့်အတွက် ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားတက်ဖွယ်ဖြစ်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် အဆင့်တစ်ရပ်သို့ တက်လှမ်းလာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

သဘာဝဘေးဒဏ်သင့်ပြည်သူများကို ပုံချိတ်စက်လှေများ၊ ဖိုင်ဘာလှေများဖြင့် ကယ်ဆယ်ပြီး သက်ဆိုင်ရာဆေးရုံသို့ မပို့ဆောင်မီကာလအတွင်း ရေယာဉ်ပေါ်တွင် လုံခြုံစိတ်ချစွာ ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သဘာဝဘေးခံစားနေကြရသူများကိုယ်စား၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံ Tint Tint Myanmar Group of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ရေယာဉ်ဆိုင်ရာစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။

ယခုလှူဒါန်းလာသည့် ရေယာဉ်ပေါ်တွင် လိုအပ်သည့်ဆေးဝါး၊ ကျန်းမာရေးဝန်ထမ်းနှင့် အခြားဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့လာချိန်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် Tint Tint Myanmar Group of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ရေယာဉ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံ Tint Tint Myanmar Group of Companies ဥက္ကဋ္ဌက ရေယာဉ်ဆိုင်ရာစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယသမ္မတက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါရေယာဉ်ကို ၂၀၁၇ ခုနှစ်တွင် ပြည်တွင်း၌ တည်ဆောက်ခဲ့ပြီး အလျား ၁၀၅ ပေ၊ အနံ ၁၈ ပေနှင့် အနက် ခြောက်ပေရှိကာ NISSAN RH(10) 200063 E (410)BHP အင်ဂျင်အမျိုးအစားကို အသုံးပြုထားကြောင်း၊ ရေယာဉ်ပေါ်တွင် အရေးပေါ်ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ အောက်ဆီဂျင်ဘူးများ၊ အရေးပေါ်ကယ်ဆယ်ရေးဆေးပစ္စည်းများပါရှိပြီး လူနာခုတင် ခြောက်လုံးမှ ၁၀ လုံးအထိတပ်ဆင်၍ Mobile Clinic အဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၇ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် လက်ရှိအနေအထားတွင် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂၀၃၃ ဒသမ ၄၀၄ သန်းချေးယူခဲ့ပြီး ထုတ်ယူပြီးငွေ အမေရိကန်ဒေါ်လာ ၈၉၃ ဒသမ ၁၃၅ သန်းဖြစ်ပါကြောင်း၊ ယင်းအနက် ပေးဆပ်ပြီးငွေ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၁၃၈ သန်း၊ ပေးဆပ်ရန်ကျန်ငွေ အမေရိကန်ဒေါ်လာ ၇၆၅ ဒသမ ၉၉၇ သန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိပါကြောင်း၊ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် အမေရိကန်ဒေါ်လာ ၂၂၁ ဒသမ ၈၀၂ သန်း ချေးယူခဲ့ပြီးဖြစ်သည့်အတွက် ချေးငွေပမာဏ၏ ၁၀ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်မှုတွင် ပြည်တွင်းဘတ်ဂျက်အပိုင်းအပြင် ပြည်ပအကူအညီ အထောက်အပံ့နှင့် ချေးငွေများအပိုင်းတို့ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခင်က ချေးယူထားရှိခဲ့သည့် ချေးငွေများအပေါ်တွင် ချေးငွေစာချုပ် ကတိကဝတ်ရှိခဲ့မှုများအပေါ် မပျက်ယွင်းစေဘဲ ပြောင်းလဲနေသည့် ငွေကြေးလဲလှယ်မှုနှုန်းထားအပါအဝင် ချေးငွေဆိုင်ရာ ဆက်စပ်ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများ ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ယင်းချေးငွေများကို အကျိုးရှိထိရောက်စွာ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ သုံးသပ်ချက်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သုံးသပ်အကြံပြုချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးထောက်ပြချက်များကို လက်ရှိအခြေအနေပေါ်မူတည်၍ သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ယခုလို ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပြီး လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် အတွင်းရေးမှူး ဦးခင်မောင်သန်းက အစီရင်ခံစာ (၁၁/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုရန် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အစီရင်ခံစာ (၁၁/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ- ထန်းဖုန်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့်အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်းစဉ် (၂၀)ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဟူသည့် စံ (၅) ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းတွင် ပါဝင်သော ကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလတို့တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်းစဉ် (၂၀)ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် ပြည်သူများသိရှိရန်မှာ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၏ မူဝါဒ၊ ရည်ရွယ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြစ်ပါကြောင်း၊ ယင်းအချက်များကို မဲဆန္ဒရှင်ပြည်သူများ သိရှိစေရန် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရွေးကောက်ပွဲအသိပညာပေးလုပ်ငန်းများဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်း (Civic Education) နှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်း (Voter Education) များ ဆောင်ရွက်ရာတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနက ပူးပေါင်းပါဝင်ပေးရန် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် လုပ်ငန်းများ ပိုမိုချောမွေ့ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများတွင် Community Centre အဖြစ် အသုံးပြုရန်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများက တင်ပြသည့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၁၂)ကြိမ်မြောက် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော်  ဩဂုတ်  ၂၁**
(၁၂)ကြိမ်မြောက် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan-NESP) (၂၀၁၆-၂၀၂၁)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလဝက် ပြန်လည်သုံးသပ်မှုလုပ်ငန်း(NESP Mid-Term Review-MTR)များ ဆောင်ရွက်နိုင်ရန် MTR Reference Group ကို ဖွဲ့စည်းခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲများကျင်းပရာ အစီရင်ခံစာပြုစုလျက်ရှိပါကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် MTR လုပ်ငန်းအောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း၊ ဒေသလိုအပ်ချက်နှင့် ပုဂ္ဂလိကကဏ္ဍလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ကျွမ်းကျင်သောလူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရန်အတွက် ကျောင်းများနှင့် စက်ရုံ၊ အလုပ်ရုံများ ပူးပေါင်းဆောင်ရွက်မှု (Schools and Industry Partnership-SIP)ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍတွင် သတင်းအချက်အလက်ဆက်သွယ်မှု လျင်မြန်မှန်ကန်တိကျစွာ ရရှိနိုင်ရန်အတွက် Communication for Management C4M App ကို မြို့နယ်များတွင် စမ်းသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကို အားပေးလျက်ရှိပါကြောင်း၊ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားစေရန်အတွက် နှစ်နှစ်သင်ပညာရေးကောလိပ်များကို လေးနှစ်သင် ဒီဂရီကောလိပ်များအဖြစ် တိုးမြှင့်သင်ကြားမှုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းနှင့် စီမံခန့်ခွဲမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် ပညာရေးစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်များက ဆွေးနွေးအကြံပြုပေးရန် ဖိတ်ခေါ်ပါကြောင်း။

**ဆွေးနွေးအဖြေရှာ**

လုပ်ဆောင်လျက်ရှိသည့် ပညာရေးကဏ္ဍမှ ဆောင်ရွက်ပြီးစီးမှုများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် နောက်ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများကို ဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဩစတြေးလျသံရုံးအတွင်းဝန် Mr. Tim Vistarini က မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ကဏ္ဍခွဲလုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ဆောင်ရွက်ပြီး၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

အစည်းအဝေးသို့ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ပညာရေးဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကို တီဘီရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံများစာရင်း၌ မပါဝင်စေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်



**နေပြည်တော်  ဩဂုတ်  ၂၁**
မြန်မာနိုင်ငံ **တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းလုပ်ငန်းများ** ပူးပေါင်းကွင်းဆင်းဆန်းစစ်မှုတွေ့ရှိချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ရုံးချုပ်)မှ WHO Global Task Force on TB Impact Measurement ၏ ဥက္ကဋ္ဌ Dr. Jaap Broekmans နှင့် ကွင်းဆင်းအဖွဲ့ဝင်များက ရှင်းလင်းတင်ပြသည့် အစည်းအဝေး (Joint programme review mission for Tuberculosis (2019) high level meeting)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပသည်။

**များစွာအထောက်အကူပြု**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတကာနှင့် ပြည်တွင်းရှိ ဌာနနှင့် အဖွဲ့အစည်းစုံမှ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွေ့အကြုံမြင့်မားသည့် ပညာရှင်ကြီးများပါဝင်သည့် ပူးပေါင်းကွင်းဆင်းဆန်းစစ်မှုအဖွဲ့၏ ရှုထောင့်စုံ၊ ဘက်ပေါင်းစုံမှ ဆန်းစစ်တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ယခင်ပူးပေါင်းကွင်းဆင်းဆန်းစစ်မှု (၅)ကြိမ် ဆောင်ရွက်ခဲ့ရာတွင် တွေ့ရှိချက်များနှင့် အကြံပြုချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခုခံကျရောဂါဖြစ်ပွားနေပြီး ART ဆေးဝါးသောက်သုံးနေရသူများတွင် တီဘီရောဂါကူးစက်ဖြစ်ပွားမှု ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆေးသောက်သုံးခြင်း(chemoprophylaxis)လွှမ်းခြုံမှုရာခိုင်နှုန်း တိုးမြှင့်စေရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စစ်တမ်းကောက်ယူတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားမှုသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၂၀၀၉-၂၀၁၀ ပြည့်နှစ်များထက် ထက်ဝက်ခန့်ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

**ကမ္ဘာ့တီဘီရောဂါအဖြစ်အများဆုံးနိုင်ငံ ၃၀ တွင် ပါဝင်**

ဝန်ကြီးဌာန၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများသည် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်သော်လည်း တီဘီရောဂါဖြစ်ပွားမှုများသည် မြန်မာနိုင်ငံ၌ ပြည်သူ့ကျန်းမာရေးပြဿနာ(public health problem)တစ်ရပ်အဖြစ်ရှိနေပြီး ကမ္ဘာ့တီဘီရောဂါအဖြစ်အများဆုံးနိုင်ငံ ၃၀ တွင် ဆက်လက်ပါဝင်နေသေးပါကြောင်း၊ အဆိုပါ တီဘီရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံများစာရင်း၌ မပါဝင်စေရန် ပိုမို၍ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားသူရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသမှုပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကွင်းဆင်းဆန်းစစ်မှုမှ အဓိကတွေ့ရှိချက်များကို အခြေခံ၍လုပ်ငန်းစဉ်များဖော်ထုတ်သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေးတစ်ရပ်ကို မကြာမီ ကျင်းပလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တီဘီရောဂါအတွက်သာမက အခြားကူးစက်ရောဂါများ ကာကွယ်တားဆီးနှိမ်နင်းရေး ကိစ္စရပ်များကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ရုံးချုပ်)မှ WHO Global Task Force on TB Impact Measurement ၏ ဥက္ကဋ္ဌ Dr. Jaap Broekmans က တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းလုပ်ငန်းများအား ပူးပေါင်းကွင်းဆင်းဆန်းစစ်မှုကို နိုင်ငံတကာမှ ပညာရှင် ၁၆ ဦးနှင့် ပြည်တွင်းမှ ပညာရှင် ၂၁ ဦးတို့က ၂၀၁၉ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၂၁ ရက်အထိ အဖွဲ့ငါးဖွဲ့ခွဲကာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် ထိုသို့ကွင်းဆင်းဆန်းစစ်ရာတွင် တွေ့ရှိချက်နှင့် အကြံပြုချက်များကို တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ရုံးချုပ်)မှ Global TB Programme ၏ Coordinator, Ms. Diana Weil နှင့် Stop TB partnership အဖွဲ့မှ Deputy Executive Director , Dr. Suvanand Sahu တို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခြင်းများနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ဆင်တုပ်ကွေးရောဂါအကြောင်း ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်  ဩဂုတ်  ၂၁**
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ကြီးမှူးကျင်းပသည့် ဆင်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ အမှတ်-၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် ကျင်းပမည်ဖြစ်ရာ Moderators အဖြစ် ပါမောက္ခရဲမြနှင့် ပါမောက္ခမျိုးလွင်ငြိမ်းတို့က ဆောင်ရွက်မည်ဖြစ်ပြီး Panelists အဖြစ် ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခစပယ်ဖြူနှင့် ဒေါက်တာရဲကျော်သူတို့ကလည်းကောင်း၊ အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်မှ ပါမောက္ခမာမာကြည်ကလည်းကောင်း၊ အမျိုးသားခါတ်ခွဲဌာနမှ ဒေါက်တာလတ်လတ်ကျော်က လည်းကောင်း၊ VBDC (Central)မှ ဒေါက်တာအောင်မွန်ကလည်းကောင်း ဆွေးနွေးကြမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ ကျေးရွာ ခြောက်ရွာအတွက် ရေနက်တွင်းများ တူးဖော်ပေး



**နေပြည်တော် သြဂုတ် ၂၁**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအရ ဇွန်လမှစတင်၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက်အကူအညီရယူကာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြပ်မတ်ဆောင်ရွက်မှုဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသော ကျေးရွာခြောက်ရွာအတွက် ရေနက်တွင်းတူးဖော်ခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ဝက်လူးကျေးရွာတွင် ရေနက်တွင်း အနက်ပေ ၁၀၂၀ တူးဖော်လျက်ရှိသည့် လုပ်ငန်းခွင်သို့လည်းကောင်း၊ တောပြားကျေးရွာ၌ ရေနက်တွင်း အနက်ပေ ၈၆၀ တူးဖော်ပြီး ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တစ်လုံးနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကြာကန်ကျေးရွာအုပ်စု ကြို့ပင်အင်းကျေးရွာတွင် တည်ဆောက်ပြီးစီးခဲ့သည့် အနက်ပေ ၇၄၀ ရေနက်တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံးနှင့် ရေစက်ရုံသို့လည်းကောင်း၊ မကွေးမြို့နယ် ဆူးကောက်စမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် တည်ဆောက်ပြီးစီးခဲ့သည့်အနက်ပေ ၅၄၀ ရေနက်တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တစ်လုံးနှင့် ရေစက်ရုံများသို့လည်းကောင်း ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေလှောင်ကန်မှတစ်ဆင့် Gravity စနစ်ဖြင့် ကျေးရွာတွင်း အိမ်ခြေများအရောက် ပိုက်လိုင်းများ သွယ်တန်းတပ်ဆင်အသုံးပြုနိုင်ရေး၊ ဒီဇယ်အင်ဂျင် (အစား) လျှပ်စစ်မီးရရှိသော နေရာများတွင် လျှပ်စစ်မော်တာစနစ်ဖြင့် ရေတင်ယူသုံးစွဲနိုင်ရေး၊ ကျေးရွာများအလိုက် ရေပေးဝေရေးကော်မတီ ဖွဲ့စည်း၍ စနစ်တကျဖြန့်ဝေပေးနိုင်ရေး၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်စေရန်နှင့် ရေရှည်တည်တံ့စေရေးတို့အတွက် ရပ်ရွာမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆက်လက်တူးဖော်ပေးသွားမည်**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မဖြစ်မနေ ရေနက်တွင်း တူးဖော်ပေးသင့်သည့် နေရာဒေသများတွင် အမှန်တကယ် လိုအပ်ချက်ရှိနေသော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအပေါ် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေအရ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက်အကူအညီဖြင့် ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)ကျင်းပ

**နေပြည်တော် သြဂုတ် ၂၁**
တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြင်ဆင်ဖြည့်စွက်အကြံပြု**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ယခုနှစ်ဇွန်လတွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေအရ တရားလွှတ်တော်ရှေ့နေများကောင်စီကို တရားလွှတ်တော်ရှေ့နေများက သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေလုပ်သက် ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီတွင် ပါဝင်မည့် တရားလွှတ်တော်ရှေ့နေ ၁၁ ဦးကို ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် နည်းဥပဒေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေမူကြမ်းအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ အကြံပြုချက်များရရှိနိုင်ရေးအတွက် ပေးပို့လာပါကြောင်း၊ မိမိတို့ လုပ်ငန်းအဖွဲ့မှလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူကြမ်းအပေါ် ရန်ကုန်နှင့် မန္တလေးတို့မှ ကောင်စီဝင်များ၏အကြံပြုချက်များနှင့်အညီ ပြင်ဆင်/ဖြည့်စွက်အကြံပြုချက်များ ဆောင်ရွက်ခဲ့ပါကြောင်း။



ယခုအစည်းအဝေးတွင် အဆိုပါနည်းဥပဒေ မူကြမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများ၏ ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်ထောက်ခံခြင်းနှင့် တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ၊ တာဝန်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သဘောထားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီမှလွှဲပြောင်းပေးပို့သော ရှေ့နေများအပေါ် တိုင်ကြားစာ သုံးစောင်နှင့် တရားလွှတ်တော်ရှေ့နေများ ကောင်စီသို့ တင်ပြလာသည့် တိုင်ကြားစာများကို စိစစ်၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ထံ တင်ပြခဲ့ပါကြောင်း၊ ထို့ပြင် တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်ကတ်ပြားများကို Smart Card ဖြင့် စတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

အစည်းအဝေးသို့ တရားလွှတ်တော်ရှေ့နေများ ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့အဆင့်ဂျူဒိုအားကစား ယှဉ်ပြိုင်ရန် မြန်မာဂျူဒိုအဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် သြဂုတ် ၂၁**
အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် 2019 Tokyo Congressနှင့် World Judo Championship ပြိုင်ပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သော အားကစားအဖွဲ့သည် ဂျပန်နိုင်ငံသို့ သြဂုတ် ၂၀ ရက် ညပိုင်းက ထွက်ခွာသွားသည်။

**ဆွေးနွေးမည်**

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သော အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကွန်ဂရက်အစည်းအဝေးအပြင် ဆက်စပ်အစည်းအဝေးများဖြစ်သော ကိုဒိုကန်မြန်မာ ကော်မတီဖွဲ့စည်းရေး စာချုပ်ချုပ်ဆိုခြင်း၊ (၅၅) နှစ်ပြည့် အိုလံပစ်အထိမ်းအမှတ်ပွဲ၊ ဂျပန်ဖောင်ဒေးရှင်း အာရှစင်တာ အစည်းအဝေးများကို တက်ရောက်ပြီး၊ ဂျပန်နိုင်ငံ ကိုဒိုကန် ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာရှဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ၍ မြန်မာ့ဂျူဒိုအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

**ကမ္ဘာ့နိုင်ငံပေါင်း ၁၅၁ နိုင်ငံ**

ကွန်ဂရက်အစည်းအဝေးကို သြဂုတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး World Championship ပြိုင်ပွဲကို သြဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၁ နိုင်ငံမှ အမျိုးသားအားကစားသမား ၅၃၇ ဦး၊ အမျိုးသမီးအားကစားသမား ၃၅၂ ဦး စုစုပေါင်း ၈၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ကမ္ဘာ့အဆင့်ပြိုင်ပွဲ**

ကမ္ဘာ့ဂျူဒိုပြိုင်ပွဲများ ကျင်းပသည့်အနက် အားကစားသမားအများဆုံး ဝင်ရောက်ယှဉ်ပြိုင်သည့် ပွဲကြီးတစ်ပွဲဖြစ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကျင်းပမည့် နီပွန်ဘူဒိုကန်အားကစားရုံကြီးတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ဂျူဒိုအားကစားမောင်မယ်များသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။




မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သောအဖွဲ့တွင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်၊ အလုပ်အမှုဆောင်ဦးဇော်ထွန်းအောင်၊ နည်းပြချုပ် မစ္စတာအိုရှီးမား၊ အလုပ်အမှုဆောင် ဦးမင်းသိန်း (အသင်းမန်နေဂျာ)နှင့် အားကစားသမားများဖြစ်ကြသော ၆၆ ကီလိုတန်း အောင်ဇေယျာထွန်း၊ ၁၀၀ ကီလိုတန်း ဇော်မျိုးဦး၊ ၅၂ ကီလိုတန်း ခင်ခင်စု၊ ၇၈ ကီလိုတန်း ခင်မျိုးသူတို့ လိုက်ပါသွားကြသည်။

**စောသိန်းဝင်း**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ



**နေပြည်တော်  ဩဂုတ်  ၂၁**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ယနေ့ ညနေ ၃ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တင်ပြဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က တင်ပြဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်က တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မူဝါဒများချမှတ်၍ ရေရှည်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ တိုင်းရင်းသားဒေသထုတ်ကုန်များ အဆင့်မီစေရေး အပါအဝင် ၂၀၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်နှင့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းရုံး ဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာရရှိရေး၊ တိုင်းရင်းသားအများပိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားလူမျိုးစုများ ပါဝင်နိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေးသွားမည်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက ၂၀၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက စီမံချက်ရေးဆွဲတင်ပြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးဦးတည်၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသအလိုက် အငယ်စား၊ အသေးစား၊ အလတ်စား ဒေသထွက်ကုန်များကို စုစည်းပြီး ပြည်ပပို့ကုန်အဖြစ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် Industrial Bank of Korea ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၂၁**
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် Industrial Bank of Korea မှ Senior Executive Vice President Mr. Oh HyukSoo နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကုံကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ ငွေရေးကြေးရေးကဏ္ဍနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ အကူအညီပေးရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## သဘာဝဘေးအန္တရာယ်အတွင်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန် အဆင့်မြင့်ယာဉ်များဖြင့် လက်တွေ့လေ့ကျင့်

**ရန်ကုန်  ဩဂုတ်  ၂၁**
သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြို ဘေးအန္တရာယ်များ ကျရောက်ပါက လျင်လျင်မြန်မြန်ထွက်ခွာ၍ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဆင့်မြင့်ယာဉ်များကို အသုံးပြုပြီး လက်တွေ့လေ့ကျင့်ခြင်းကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ လေ့ကျင့်မှုတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်မှုဖြင့် ပြုလုပ်ပြီး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ဆင့်ပွားလေ့ကျင့်သင်ကြားပေးရာ အနောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူးရုံး၊ ကျောက်တံတား၊ စမ်းချောင်းနှင့် မြောက်ဥက္ကလာပမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့လေ့ကျင့်ကြသည်။



ပိုလန်နိုင်ငံထုတ် အဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များဖြစ်သည့် Heavy Rescue & Towing (6 x 6), Heavy Rescue & Towing (6 x 4) နှင့် ဓာတုဗေဒ၊ ဇီဝဗေဒ၊ ရေဒီယိုဓာတ်ကြွမှုနှင့် နျူကလီးယားအန္တရာယ်များ ကျရောက်ပါက ရှင်းလင်းရေးယာဉ်ဖြစ်သည့် Hazmat Vehicle ယာဉ်တို့ဖြင့် လက်တွေ့လေ့ကျင့်ကြကြောင်း သိရသည်။

**အောင်သူရ**

### ◆ ကမ္ဘာ့နဂါးလှေပြိုင်ပွဲမှ

ယင်းပွဲစဉ်၌ မြန်မာ ယူ ၂၄ အမျိုးသမီးအသင်းမှာ ၁၀ မိနစ် ၂၈ ဒသမ ၇၉၇ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းက ၁၀ မိနစ် ၃၁ ဒသမ ၈၅၄ စက္ကန့်ဖြင့် ဒုတိယ၊ အမေရိကန်အသင်းက ၁၀ မိနစ် ၅၁ ဒသမ ၂၇၃ စက္ကန့်ဖြင့် တတိယ ရရှိခဲ့သည်။

**ပွဲစဉ်တစ်မျိုးသာ  ပါဝင်မည်**

မွန်းလွဲ ၁ နာရီ ၄၂ မိနစ်တွင် ယှဉ်ပြိုင်ခဲ့သော အသက် ၂၄ နှစ်အောက် အိုးပင်းအမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက ၉ မိနစ် ၃၉ ဒသမ ၀၉၃ စက္ကန့်ဖြင့် ဒုတိယဆုရရှိခဲ့ပြီး ထိုင်းအသင်းက ၉ မိနစ် ၁၇ ဒသမ ၅၂၅ စက္ကန့်ဖြင့် ပထမ၊ ဩစတြေးလျအသင်းက ၉ မိနစ် ၄၇ ဒသမ ၇၅၉ စက္ကန့်ဖြင့် တတိယရရှိခဲ့ပြီး ၂ နာရီ ၆ မိနစ်တွင် Premier အမျိုးသမီး မီတာ(၂၀၀၀) ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ တရုတ်အသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယ ရရှိသဖြင့် ဩဂုတ် ၂၂ ရက် ဒုတိယနေ့ပွဲစဉ်များတွင် မြန်မာအသင်းသည် (၂၂)တက်လှော် Standard Boat မီတာ (၁၀၀၀) ပွဲစဉ်တစ်မျိုးသာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာ့သမိုင်းဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၁**
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ဦးစီး၍ မြန်မာ့သမိုင်းဖြစ်စဉ်ကို ယခင်သမိုင်းပညာရှင်များ၏ အမြင် (Old View)နှင့် ယနေ့သမိုင်းပညာရှင်များ၏ သမိုင်းအမြင်နှင့် သမိုင်းအသိများ (New Version) များကို ခေတ်နှင့်အညီ နှိုင်းယှဉ်လေ့လာဆန်းစစ်၍ သုံးသပ်တင်ပြမှုများပြုလုပ်ရန် Myanmar Studies from Center, Periphery and Boundary; (Old View, New Version) An Interdisciplinary International Symposium ခေါင်းစဉ်ဖြင့် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲကို စက်တင်ဘာလအတွင်း အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို အယူအဆသစ်များ၊ အတွေးအမြင်သစ်များ ပေါ်ထွက်လာစေခြင်းဖြင့် အနာဂတ်မြန်မာလူမှုအဖွဲ့အစည်းအကျိုးကို အထောက်အကူပြုနိုင်စေရန်၊ Old View ကို မပယ်ဘဲ အသိသစ်၊ အမြင်သစ်များ (New Version) ဖော်ထုတ်၍ အယူအဆသစ်များ၊ အတွေးအမြင်သစ်များ ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်း ဖြစ်ပေါ်လာရေးတွင် ပိုမိုကောင်းမွန်ဆန်းသစ်သော အသိသစ်၊ အမြင်သစ်များ ဖြည့်စွက်နိုင်စေရန်နှင့် နိုင်ငံတကာ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများ ဖလှယ်ခြင်းဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပသွားမည့် အဆိုပါစာတမ်းဖတ်ပွဲတွင် ပြည်တွင်း ပြည်ပ သုတေသနပညာရှင်များက သုတေသနစာတမ်းများ ဖတ်ကြားသွားမည်ဖြစ်ကာ စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်လေ့လာနိုင်ကြောင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ သိရသည်။

**မောင်မောင်မျိုး**

# ဆူဒန်နိုင်ငံ အချုပ်အခြာအာဏာပိုင် ကောင်စီအဖွဲ့ဝင်များ ကျမ်းသစ္စာကျိန်ဆို



**ခါတွမ် ဩဂုတ် ၂၁**

ဆူဒန်နိုင်ငံ၏ အသစ်ပြောင်းလဲဖွဲ့စည်းထားသော အချုပ်အခြာအာဏာပိုင် ကောင်စီအဖွဲ့ဝင်များက ဩဂုတ် ၂၁ ရက်တွင် မြို့တော်ခါတွမ်ရှိ သမ္မတအိမ်တော်၌ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်။

ကျမ်းသစ္စာကျိန်ဆိုရာတွင် ကောင်စီအဖွဲ့ဝင်များက ကောင်စီဥက္ကဋ္ဌ အယ်ဒယ်ဖာတက်ချ် အာဘာဟန်၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ ယာယီ တရားသူကြီးချုပ်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

သို့သော် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မိုဟာမက် အယ်ဟာဆန်အယ်တိုင်ရှိသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့သည်။

စစ်ကောင်စီ အဖွဲ့ဝင်များနှင့် ဆန္ဒထုတ်ဖော်သူ ခေါင်းဆောင်များပါဝင်သော အချုပ်အခြာအာဏာပိုင် ကောင်စီတစ်ရပ်ကို ဖွဲ့စည်းရန် ဆူဒန်အသွင်ကူးပြောင်းရေး စစ်ကောင်စီဥက္ကဋ္ဌအယ်ဘာဟန်က ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အမိန့်တစ်ရပ်ကို ဩဂုတ် ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ အချုပ်အခြာအာဏာပိုင် ကောင်စီကို စစ်ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးငါးဦး၊ ဆန္ဒထုတ်ဖော်သူ ခေါင်းဆောင် ငါးဦးအပြင် နှစ်ဖက်အဖွဲ့အစည်းက သဘောတူညီ ရွေးချယ်တင်မြှောက်သည့် အရပ်သားတစ်ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ကောင်စီဥက္ကဋ္ဌ အယ်ဒယ် ဖာတက်ချ်အာဘာဟန်သည် စစ်ကောင်စီအဖွဲ့ဝင် ငါးဦးအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဆူဒန် အချုပ်အခြာအာဏာပိုင် ကောင်စီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးနောက် ဆူဒန်အသွင်ကူးပြောင်းရေး စစ်ကောင်စီကို မကြာမီအချိန်တွင် ဖျက်သိမ်းရန် အမိန့်တစ်ရပ် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆူဒန်အသွင်ကူးပြောင်းရေး စစ်ကောင်စီသည် သမ္မတဟောင်း အယ်ဘာရှာ သမ္မတရာထူးမှ နုတ်ထွက်ခဲ့သည့် ဧပြီ ၁၁ ရက်မှစပြီး နိုင်ငံ့အရေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**


# ဂျပန်၊တရုတ်နှင့်တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ ပြုံယမ်းအရေး ဆွေးနွေး

**ပေကျင်း ဩဂုတ် ၂၁**

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား ထိပ်တန်းသံတမန်များသည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံကာ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး သုံးပွင့်ဆိုင် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပရန် ဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနို၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်းကျောင်ဝှာတို့သည် ဩဂုတ် ၂၁ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံခဲ့သည်။

ကိုရီးယား ကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးသုံးဦးက ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြုံယမ်းအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဖြေရှင်းချက်များကို အပြည့်အဝ လိုက်နာရေးအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြောက်ကိုရီးယားနိုင်ငံက တာတိုပစ် ဒုံးကျည်များကို ဂျပန်ပင်လယ်အတွင်းသို့ မကြာသေးမီက စမ်းသပ်ပစ်လွှတ်ခဲ့သည်။

မြောက်ကိုရီးယားက ဖမ်းဆီးခေါ်ဆောင်သွားသည့် ဂျပန်နိုင်ငံသားများ အရေးကိစ္စနှင့်ပတ်သက်ပြီး လျင်မြန်စွာ ဖြေရှင်းနိုင်ရေးအတွက် တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ၏ အကူအညီကို လိုအပ်ပါကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုနိုက ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး သုံးဦးက ယခုနှစ်အတွင်း သုံးပွင့်ဆိုင်ထိပ်သီး အစည်းအဝေး ကျင်းပနိုင်ရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် အာရှ-ပစိဖိတ်နိုင်ငံ ၁၆ နိုင်ငံပါဝင်သည့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းမူဘောင်တစ်ရပ် ထွက်ပေါ်လာရေးအတွက် ဒေသတွင်းနိုင်ငံအချင်းချင်း သဘောတူညီမှုများရရှိရန် ကြိုးပမ်းသွားကြမည်ဟု နိုင်ငံခြားရေးဝန်ကြီးများက အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၌ ပါဝင်မည်ဟု ဩစတြေးလျ ပြောကြား

**ကင်ဘာရာ ဩဂုတ် ၂၁**

ဟော်မုဇ်ရေလက်ကြားတွင် ရေကြောင်းသွားလာမှု လုံခြုံရေးအတွက် အမေရိကန်က ဦးဆောင် ဖွဲ့စည်းသည့် ညွန့်ပေါင်းရေတပ်ဖွဲ့၌ ပါဝင်မည်ဟု ဩစတြေးလျအစိုးရအဖွဲ့က ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ယင်းကြေညာချက်အရ ဩစတြေးလျနိုင်ငံသည် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်သည့် တတိယမြောက် နိုင်ငံဖြစ်လာသည်။

ကုန်စည်စီးဆင်းမှုနှင့် ရေကြောင်းသွားလာမှုများတွင် လွတ်လပ်စွာသွားလာနိုင်ရေး အာမခံနိုင်ရန် ယင်းနိုင်ငံတကာ၏ ကြိုးပမ်းမှုကို မိမိတို့လုပ်ဆောင်ရာ၌ သင့်လျော်အဓိပ္ပာယ်ရှိပြီး အချိန်အကန့်အသတ်ရှိသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့ မော်ရစ်ဆင်က ပြောကြားသည်။

ဟော်မုဇ်ရေလက်ကြားသို့ ထောက်လှမ်းရေးလေယာဉ်တစ်စင်းအား တစ်လခန့်နှင့် အမြန်မောင်း ကင်းလှည့်ရေယာဉ်တစ်စင်းကို ခြောက်လခန့် စေလွှတ်မည်ဟု ဩစတြေးလျအစိုးရက ပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် ရေကြောင်းညွန့်ပေါင်းအဖွဲ့သို့ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ဗြိတိန်နှင့် ဘာရိန်းနိုင်ငံတို့က ယခုလ အစောပိုင်းတွင် ပြောကြားခဲ့ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# အိန္ဒိယထိန်းချုပ်သည့် ကက်ရှ်မီးယား၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်၊ နှစ်ဦး သေဆုံး

**ဆရီနာဂါ ဩဂုတ် ၂၁**

အိန္ဒိယနိုင်ငံက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် ဩဂုတ် ၂၁ ရက်က ပစ်ခတ်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် ကက်ရှ်မီးယား တိုက်ခိုက်ရေးသမားတစ်ဦးနှင့် အိန္ဒိယရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးတို့ သေဆုံးခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ တင်းမာမှုများ တအုံနွေးနွေးရှိနေစဉ် ယင်းတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။

### လုံခြုံရေးတင်းကျပ်

အိန္ဒိယက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသအား အထူးအဆင့်အတန်းအဖြစ် သတ်မှတ်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အိန္ဒိယအစိုးရက ဩဂုတ် ၅ ရက်တွင် ရုပ်သိမ်းခဲ့ပြီးနောက်တွင် ယင်းဒေသတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ အများအပြား ပို့လွှတ်ကာ တည်ငြိမ်မှု ကင်းမဲ့နေသည့် ကက်ရှ်မီးယားဒေသကို အိန္ဒိယအစိုးရက လုံခြုံရေးတင်းကျပ်ခဲ့သည်။

ယင်းသို့ လုပ်ဆောင်ခဲ့ပြီးကတည်းက ကက်ရှ်မီးယားဒေသမြောက်ပိုင်းရှိ ဘာရာမူလာခရိုင်တွင် ဖြစ်ပွားခဲ့သည့် ယခုပစ်ခတ်တိုက်ခိုက်မှုသည် ပထမဆုံးအကြိမ် ဖြစ်သည်။

### ဖော်ထုတ်ရရှိ

ယင်းပစ်ခတ်မှုအတွင်း သေဆုံးသွားသည့် ကက်ရှ်မီးယား တိုက်ခိုက်ရေးသမားမှာ ဒေသခံတစ်ဦးဖြစ်ပြီး ၎င်းမှာ လက်ရှ်ခါအီတိုင်ဘာ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်ဟု ကက်ရှ်မီးယားရဲတပ်ဖွဲ့၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏အုပ်ချုပ်မှုအား ဆန့်ကျင်နေသည့် ကက်ရှ်မီးယားတိုက်ခိုက်ရေးသမားများနှင့် အိန္ဒိယအစိုးရလုံခြုံရေးတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကတည်းကစ၍ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း ကက်ရှ်မီးယားဒေသတွင် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး အများစုမှာ အရပ်သားများ ဖြစ်သည်။

### ဆက်သွယ်အသုံးပြုမှုများဖြတ်တောက်

ယခုနှစ် ဩဂုတ် ၅ ရက် မတိုင်မီကပင် အိန္ဒိယက ထိန်းချုပ်သော ကက်ရှ်မီးယားဒေသသို့ လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ထောင်ပေါင်းများစွာကို အိန္ဒိယအစိုးရက စေလွှတ်ခဲ့ပြီး ဩဂုတ် ၅ ရက်တွင် ကက်ရှ်မီးယားဒေသ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရုပ်သိမ်းသည့် အမိန့်ထုတ်ပြန်ခဲ့ခြင်းကြောင့် ဒေသတွင်း၌ နေထိုင်သူများအား ဒေါသအမျက်ထွက်စေခဲ့သည်။ ယင်းဒေသတွင် လူထုလှုပ်ရှားမှုများကို ထိန်းချုပ်ရေးအတွက် အိန္ဒိယအစိုးရက တယ်လီဖုန်းလိုင်းများ၊ အင်တာနက် ဆက်သွယ်အသုံးပြုမှုများကို ဖြတ်တောက်ထားခဲ့သည်။

မကြာသေးမီရက်များအတွင်းက ကက်ရှ်မီးယားဒေသ၌ ချမှတ်ထားသည့် ထိန်းချုပ်ကန့်သတ်မှုအချို့ကို အိန္ဒိယက ဖြေလျှော့ပေးခဲ့သည်။ တယ်လီဖုန်း ဆက်သွယ်မှုအချို့ ပြန်လည်လုပ်ဆောင်နိုင်ခဲ့ပြီး စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# တရုတ်နှင့် ထိုင်းလေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်



**ပေကျင်း ဩဂုတ် ၂၁**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်မှ လေယာဉ်များသည် ထိုင်းလေတပ်နှင့် ပူးတွဲစစ်ရေး လေ့ကျင့်မှု ပြုလုပ်ရန်အတွက် ထိုင်းနိုင်ငံရှိ လေတပ် အခြေစိုက်စခန်းတစ်ခုသို့ ရောက်ရှိခဲ့ကြောင်း တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်သတင်း ရင်းမြစ်တစ်ခုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တရုတ်ပြည်သူ့တပ်မတော် လေတပ်သတင်း ပြန်ကြားရေးဌာန၏ အဆိုအရ စတုတ္ထအကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ်လလယ်မှ စက်တင်ဘာလ အစောပိုင်းအထိ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံ လေတပ် တပ်ဖွဲ့များအကြား အပြန်အလှန် လည်ပတ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု နက်ရှိုင်းလာစေရန်၊ ၎င်းတို့၏ တိုက်ခိုက်မှု စစ်နည်းဗျူဟာများကို စမ်းသပ်ရန်၊ အမျိုးမျိုးသော လက်နက်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု တိုးတက်စေရန် ရည်ရွယ်သည်။

တရုတ်နှင့် ထိုင်းလေတပ်တို့သည် ပူးတွဲစစ်ရေး လေ့ကျင့်မှုများကို ၂၀၁၅၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ထိုင်းနိုင်ငံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# တရုတ်အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခုနစ်ဦး သေဆုံး၊ ၂၄ ဦး ပျောက်ဆုံး



**ချန်ဒူး ဩဂုတ် ၂၁**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် အဘာတိဘက်တန်နှင့် ကျင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် လူခုနစ်ဦး သေဆုံးကာ ၂၄ ဦး ပျောက်ဆုံးနေကြောင်း ဒေသန္တရအာဏာပိုင်များက ယနေ့ပြောကြားလိုက်သည်။

ယမန်နေ့ည ၇ နာရီမှစတင်ကာ စီရင်စုအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒဏ်ရာအပြင်းအထန်ရရှိသူ သုံးဦး အပါအဝင် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီရင်စု အရေးပေါ် စီမံခန့်ခွဲရေးဗျူရိုက ပြောကြားသည်။ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည့် ဝမ်ချွန်စီရင်စုမှ ကမ္ဘာလှည့်ခရီးသွား ၃၄၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အဆိုပါ စီရင်စုအတွင်းရှိ ကမ္ဘာလှည့်ခရီးသည် ၁၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် အစောပိုင်းမှစ၍ ရေဘေးသင့်မှု အများဆုံးဖြစ်ပွားခဲ့သည့် ဝိုလောင်စီရင်စု၊ ဂန်ဒါ မြို့နယ်သို့ လျှပ်စစ်ဓာတ်အားနှင့် အရေးပေါ် ဆက်သွယ်ရေးလိုင်း ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း ရေပေးဝေမှုမှာ အခက်အခဲရှိနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ရှာဖွေရေး ကြိုးပမ်းမှုများ လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဟောင်ကောင်က နီပေါရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ဖိုး ကူညီမည်

**ဟောင်ကောင် ဩဂုတ် ၂၁**

နီပေါနိုင်ငံရှိရေဘေးသင့်ပြည်သူများကို အမေရိကန်ဒေါ်လာ ၃၈၂၀၀၀ နှင့် ညီမျှသည့် ဟောင်ကောင်ဒေါ်လာ သုံးသန်း တန်ကြေးရှိ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးရန်ပုံငွေတစ်ရပ်ကို ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ (HKSAR) က အတည်ပြုလိုက်ပြီဖြစ်သည်။

ဟောင်ကောင်ရှိ Amity ဖောင်ဒေးရှင်းမှတစ်ဆင့် ပံ့ပိုးကူညီမည့် အဆိုပါထောက်ပံ့ကြေးကို နီပေါရေဘေးသင့်ပြည်သူများသို့ အစားအသောက်၊ ရွက်ဖျင်ထည်များ၊ ဆိုလာမီးအပြင် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့မည်ဟု ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအကူအညီမှာ နီပေါရေဘေးသင့်ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပံ့ပိုးမှုကို အထောက်အကူပြုစေပြီး ၎င်းတို့၏ဘဝ နဂိုအခြေအနေပြန်လည်ရောက်ရှိစေရန် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးရန်ပုံငွေအကြံပေးကော်မတီက မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။

ငွေကြေးကို သတ်မှတ်ထားသော ရည်ရွယ်ချက်များအတိုင်း အသုံးပြုရန် ကယ်ဆယ်ရေးစီမံကိန်းပြီးစီးပါက ဟောင်ကောင်ရှိ Amity ဖောင်ဒေးရှင်းကို တန်ဖိုးဖြတ်ခြင်းအစီရင်ခံစာတစ်စောင်နှင့် ထောက်ပံ့ကြေးသုံးစွဲမှုဆိုင်ရာ စာရင်းစစ်ထားသောငွေစာရင်းတစ်ခုတင်သွင်းစေမည်ဟု ၎င်းကပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ယာလာပြည်နယ် ဗုံးပေါက်ကွဲမှုနှင့် ဗန်ကောက်ဗုံးပေါက်ကွဲမှု ဆက်စပ်မှုမရှိဟု ထိုင်းဒုတိယဝန်ကြီးချုပ် ပြောကြား

**ဗန်ကောက် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများသည် ယခုလအစောပိုင်းက ဗန်ကောက်ဗုံးပေါက်ကွဲမှုများနှင့် ဆက်စပ်မှုမရှိကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပရာဝစ်ဒ်ဝေါင်ဆူဝန်က ယနေ့ပြောကြားသည်။

ဩဂုတ် ၂၀ ရက်က ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများသည် ပြည်နယ်အတွင်း ခရိုင်များရှိ ဓာတ်တိုင်များနှင့် အေတီအမ်ဆိုင်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုများကြောင့် အရပ်သား ရှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သူမည်ဝါ လက်ချက်ဖြစ်သည်ကို ယခုထိ မသိရသေးသော်လည်း ခွဲထွက်ရေးသမားများ၏ လက်ချက်ဖြစ်မည်ဟု ထိုင်းလုံခြုံရေးအရာရှိများက ယူဆကြသည်။

ပေါက်ကွဲမှုများသည် ဓာတ်တိုင်များကို ပစ်မှတ်ထားသည့်အတွက် နာရီပေါင်းများစွာကြာ လျှပ်စစ်မီးပြတ်တောက်မှု ဖြစ်ပွားခဲ့ပြီး လမ်းသွားလမ်းလာ နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့သည်။



ဗုံးပေါက်ကွဲမှုများသည် ယာလာပြည်နယ် သန်တိုခရိုင်အတွင်းရှိ အေတီအမ်ဆိုင် တစ်ဆိုင်နှင့် ကုန်စုံဆိုင်တစ်ဆိုင်ကို ထိမှန်ခဲ့ပြီး လူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒုတိယဝန်ကြီးချုပ် ပရာဝစ်ဒ်သည် ယာလာပြည်နယ် ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ ထောက်လှမ်းရေးအစီရင်ခံစာတစ်ရပ် လက်ခံရရှိထားသော်လည်း အသေးစိတ်အချက်အလက်ကို ဒေသဆိုင်ရာ မီဒီယာများသို့ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

၂၀၀၄ ခုနှစ်မှစ၍ ထိုင်းနိုင်ငံတောင်ဘက်အခြေစိုက် လက်နက်ကိုင်စစ်သွေးကြွများ၏ လက်ချက်ကြောင့် လူ ၇၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့သည်။ ဩဂုတ် ၂ ရက်က မြို့တော် ဗန်ကောက်ရှိ နေရာသုံးခုတွင် ဗုံးခြောက်လုံး ပေါက်ကွဲခဲ့ပြီး လူလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

**သဘာဝဘေး**

# ချောင်းဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုံရွာ-မန္တလေး ကားလမ်းမကြီး ရေကျော်၊ နေအိမ်အချို့ ရေနစ်မြုပ်

**ချောင်းဦး ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ဩဂုတ် ၂၁ ရက် နံနက် ၄ နာရီက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ချောင်းဦးမြို့ပေါ်ရှိ မြို့သစ်ရပ်ကွက်မှ ဘူတာ၊ တမာမြိုင်ရပ်ကွက်မှ ရွာထောင်နှင့် ဆံတော်ဆွဲ၊ မြို့မရပ်ကွက်မှ အရှေ့မအုပ်ရပ်ကွက်များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါရေသည် ချောင်းဦးမြို့နယ် သန်းပင်ကန်ကျေးရွာ၊ ကိုးတောင်ကန် ကျေးရွာများမှ တစ်ဆင့် ချောင်းရေအဖြစ် ဝင်ရောက်လာကာ မုံရွာ-မန္တလေး ကားလမ်း ပြည်သူ့ဆေးရုံရှေ့မှ အေးရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်း လမ်းခွဲအထိ ရေကျော်ခဲ့ပြီး ဘူတာ၊ ရွာထောင်၊ ဆံတော်ဆွဲနှင့် အရှေ့မအုပ်ရပ်ကွက်တို့မှ နေအိမ်များ၊ ဌာနဆိုင်ရာရုံးများနှင့် ဘုန်းတော်ကြီးကျောင်းများ ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မြို့ပေါ်ရပ်ကွက်များ ရေဝင်ရောက်ပြီး နေအိမ်များ နစ်မြုပ်ခဲ့သည့် ဖြစ်စဉ်သည် နှစ်ပေါင်း ၃၀ ကြာမှ ပြန်လည်ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ရေနစ်မြုပ်ခဲ့သော ရေဘေးသင့်ပြည်သူများအတွက် ချောင်းဦးမြို့ပေါ်မှ လူမှုကူညီရေး ပရဟိတအဖွဲ့များက ထမင်းထုပ်များ ဝေငှပေးလျက်ရှိကြသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ၊ မုံရွာ-မန္တလေး ကားလမ်းပေါ်ရှိ ကျွဲကျချောင်း ရေကျော်တွင် ရေကျော်နေ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ဖြတ်သန်းသွားလာနေမှုကို ခေတ္တရပ်နားထားခဲ့ရပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရေကျသွား၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ချောင်းဦး(ပြန်/ဆက်)**





## မောက်မယ်၌ လေပြင်းတိုက်ခတ်၊ နေအိမ် ၁၉ လုံး ပျက်စီး

**မောက်မယ် ဩဂုတ် ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စုတွင် ယနေ့ နံနက် ၃ နာရီမှ ၅ နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပုန်းအောင်ကျေးရွာတွင် နေအိမ် ၁၄ လုံး၊ ထီပျဉ်ကျေးရွာတွင် နေအိမ်ငါးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်ပျက်စီးသေဆုံးမှုမရှိကြောင်း၊ သွပ်အမိုးလန်ပျက်စီးမှုကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



ဩဂုတ် ၁၈ ရက်က လသာမြို့နယ် အမှတ်( ၄ )ရပ်ကွက် လမ်း(၂၀)အပေါ်လမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က ပြည်သူများအား သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဒုစရိုက်မှုများလျော့နည်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။

**မီးမီး(လှိုင်)**

## ရွှေနှင့် ပစ္စည်းများယူဆောင်ကာ ရေကန်အတွင်းတွန်းချသတ်ခဲ့သူနှစ်ဦး ဖမ်းမိ

**ဖားကန့် ဩဂုတ် ၂၁**
ဖားကန့်မြို့နယ်တွင် ရွှေထည်နှင့် ငွေများ ယူဆောင်ကာ ကျင်းဟောင်းရေကန်အတွင်း တွန်းချသတ်ခဲ့သူနှစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဟွေဆိုင်းကျေးရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်ရှိနေအိမ်တဲတွင် နေထိုင်သူ ဒေါ်သိန်းခင်မှာ အိမ်အနီး ကျောက်ကျင်းဟောင်း ရေကန်အတွင်း ဩဂုတ် ၁၇ ရက် မွန်းတည့် ၁၂ နာရီခန့်က သေဆုံးနေ၍ ခင်ပွန်းဖြစ်သူက နယ်မြေခံရဲတပ်ဖွဲ့သို့ တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းနေအိမ်တွင် အလုပ်လုပ်ရန် ငှားရမ်းထားသော စောသိန်းမောင် ပုဏ္ဏားကျွန်းမြို့နယ် မင်းဇီးချောင်းကျေးရွာနေသူနှင့် ဇနီး မြမြသိန်း(ခ) ဌေးဌေးတို့နှစ်ဦးအား မတွေ့ရတော့ကြောင်း၊ သေဆုံးသူ ဝဲဘက်လက်တွင် ဝတ်ဆင်လျက်ရှိသော ရွှေလက်စွပ်၊ နားကပ်တစ်ရံ၊ အိမ်တွင်ထားသော ဖုန်းနှစ်လုံးနှင့် သံသေတ္တာထဲရှိ ငွေကျပ်သုံးသိန်းတို့ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စောသိန်းမောင်နှင့်ဇနီးဖြစ်သူတို့အား အရေးယူဆောင်ရွက်ပေးရန် တာမခန်ရဲစခန်းတွင် အမှုဖွင့်ခဲ့ရာ ပြစ်မှုကျူးလွန်သူများအား ကာမိုင်းမြို့ နန့်ယားကျေးရွာ တည်းခိုခန်းတွင် တည်းခိုနေထိုင်ကြောင်း သတင်းရရှိသဖြင့် သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ရာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဦး (ဖားကန့်)**

## ရေဦးမြို့တွင် တရားမဝင် တမလန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**ရေဦး ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲက ရေဦးမြို့ အောင်ချမ်းသာရပ်ကွက် ရေဦး-တန့်ဆည် ကားလမ်းမပေါ်တွင် မော်တော်ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း ရေဦးမြို့မရဲစခန်းမှူး ဒုရဲမှူးထိုက်လင်းစိုးထံမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲက ရေဦးမြို့မရဲစခန်းမှ ဒုရဲအုပ် ဝင်းဇော်ဦး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်မင်းထွန်း ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ရေဦးမြို့ အောင်ချမ်းသာရပ်ကွက် ရေဦး-တန့်ဆည်ကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် တန့်ဆည်မြို့မှ ရေဦးမြို့သို့ မောင်းနှင်လာသော Wish ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်း မောင်ဦး(ခ) တိုက်ဦး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ရပ်ကွက်နေသူနှင့် ဇော်မိုးအောင် တန့်ဆည်မြို့နယ် ယမုံတောင်ကျေးရွာနေသူ လိုက်ပါလာသည့် ယာဉ်၏နောက်ခန်းအတွင်းမှ တရားမဝင်တမလန်းသစ်ခွဲသား ၂၈ ချောင်း(သုည ဒသမ ၅၈၁၆ တန်) တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ တရားမဝင်တမလန်းသစ်ခွဲသားများ သယ်ဆောင်လာသည့် ယာဉ်မောင်း မောင်ဦး(ခ) တိုက်ဦးနှင့် ဇော်မိုးအောင်တို့ နှစ်ဦးအား ရေဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## ယာဉ်နှစ်စီးတိုက်ပြီး သစ်ပင်ဝင်တိုက်၊ တစ်ဦးသေ

**ကျောင်းကုန်း ဩဂုတ် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မာလာကွင်းကျေးရွာအနီးတွင် ယနေ့နံနက် ၄ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကာ တစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်လှမိုးသည် လှည်းဆိပ်ရဲကင်းစခန်း၌ ရဲကင်းမှူးတာဝန်ဆောင်ရွက်နေစဉ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၈၁/၅)နှင့် (၈၁/၆) ကြား ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ပုသိမ်မှ ရန်ကုန်သို့ သူရဟန် မောင်းနှင်ပြီး မင်းသူနိုင်နှင့် ရွှေရောင်(ခ) မြင့်မြတ်တို့ လိုက်ပါလာသော ယာဉ်သည် ရန်ကုန်မှ ပုသိမ်သို့ မောင်းနှင်လာသော ယာဉ်နှင့် ပွတ်တိုက်မိရာမှ သူရဟန် မောင်းနှင်သောယာဉ်မှာ လမ်းဘေးသစ်ပင်အား ဝင်တိုက်မိသဖြင့် ယာဉ်ပေါ်ပါ သုံးဦးအနက် ရွှေရောင်(ခ)မြင့်မြတ်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလတံတားအဆင်း အိုးရှင်းဈေးဝယ်စင်တာရှေ့၌ ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ဒေါပုံမြို့နယ်မှ ဆန်းဝင်းအောင် မောင်းနှင်လာသည့် ကွန်တိန်နာယာဉ် အရှိန်လွန်ကာ လမ်းလယ်ကျွန်းကို ဝင်ရောက်တိုက်မိပြီး ကွန်တိန်နာလမ်းမပေါ် ပြုတ်ကျစဉ်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**မူးယစ်ကင်းစင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ရေကြီးရေလျှံချိန်၌ သတိပြုရမည့်လျှပ်စစ်အန္တရာယ်များ

**မောင်မောင်(လျှပ်စစ်)**

မိုးရာသီရောက်တိုင်း မြန်မာပြည်တစ်ဝန်း ရေကြီးရေလျှံသည့် သဘာဝအန္တရာယ် "ရေဘေးဒုက္ခ"ကို ခံကြရသည်မှာ နှစ်စဉ်လိုလိုဖြစ်ပါသည်။ မြစ်များ၊ ချောင်းများနှင့် နီးသော နေရာဒေသများ၌ မြစ်ရေ၊ ချောင်းရေတို့၍ ရေကြီးရေလျှံဖြစ်ရသလို မြစ်များ၊ ချောင်းများမရှိသော်လည်း မြစ်များ၊ ချောင်းများနှင့် ဝေးသော်လည်း မိုးသည်းထန်စွာရွာ၍ ရေကြီးရေလျှံဖြစ်ရသည့် နေရာဒေသများလည်းရှိပေသည်။

**စီစဉ်ဆောင်ရွက်**

မြန်မာနိုင်ငံ၌ နွေရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်ကြရပြီး မီးဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်ကြသလို မိုးရာသီရောက်လာပါက ရေဘေး၊ လေဘေးတို့ကို စိုးရိမ်ပူပန်ကြရပြန်ပါသည်။

သဘာဝဘေးအန္တရာယ်များကို တားဆီး၍မရသော်လည်း ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ကြခြင်းဖြင့် ထိခိုက်ပျက်စီးမှုနည်းပါးပြီး လူတို့၏အသက်၊ စည်းစိမ်၊ ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်ရာရောက်ပါသည်။

သို့ဖြစ်၍လည်း နိုင်ငံတော်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများက နှစ်စဉ်ကြုံတွေ့နေကျ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စတို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးတို့အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ရာသီဥတုသတင်းများကို အရေးကြီးလျှင် ကြီးသလို ကြိုတင်အသိပေးကြေညာခြင်းများကို သတိရှိရှိဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ယခုရက်ပိုင်းအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး အချို့တွင် ရေကြီးရေလျှံခြင်းကြောင့် ရေဘေးသင့်ပြည်သူများ ရေဘေးလွတ်ရာ ယာယီကယ်ဆယ်ရေး စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် သတင်းများကို ကြေးမုံသတင်းစာတွင် ဖတ်ရှုရသည်။

**အသိပေးလေ့ရှိ**

သို့ဖြစ်၍လည်း စာရေးသူအနေဖြင့် အခါအားလျော်စွာ လျှပ်စစ်နှင့်ပတ်သက်သည့် ဗဟုသုတများ၊ လျှပ်စစ်အန္တရာယ်များကို လက်လှမ်းမီသရွေ့ ရေးသား အသိပေးလေ့ရှိရာ ယခုကဲ့သို့ ရေကြီးရေလျှံဖြစ်ပေါ်နေသော အချိန်ကာလဝယ် ဖြစ်ပေါ်နိုင်ဖွယ်ရာရှိသော လျှပ်စစ်အန္တရာယ်များကို ရေဘေးသင့်ဒေသရှိ ပြည်သူများ သိရှိရှောင်ရှားကာကွယ်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ယခုကဲ့သို့ ရေကြီးရေလျှံချိန်၌ ဖြစ်ပွားခဲ့သော ကြေးမုံသတင်းစာပါ ဓာတ်လိုက်မှုများ ကို ရှာဖွေရေးသားသတိပေးလိုပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်က ဧရာဝတီ မြစ်ရေကြီးပြီး ပခုက္ကူမြို့နယ် ဖိုကုန်းကျေးရွာနေ မမြင့်မြင့်ခိုင် နေအိမ်ဝင်းအတွင်း ဧရာဝတီမြစ်ရေအနက် တစ်ပေခွဲခန့် ဝင်ရောက်နေချိန် ၎င်း၏နေအိမ် နောက်ဖေးရှိ လမ်းမီးတိုင်မှပြတ်ကျနေသော လိုင်းမီးကြိုး(ဓာတ်ကြိုး)မှာ အမြင့် ငါးပေခန့်ရှိ နောက်ဖေးခြံစည်းရိုးဝင်းထရံပေါ် ကျနေကြောင်း၊ မမြင့်မြင့်ခိုင်က အိမ်နောက်ဖေးမှ အပြင်သို့ ထွက်စဉ် ပြတ်ကျနေ သော လိုင်းမီးကြိုးကို ကိုင်မိရာမှ ဓာတ်လိုက်ပြီး ရေထဲ ပြုတ်ကျသေဆုံးသွားရပါသည်။

အလားတူ ၂၀၁၆ ခုနှစ် ဩဂုတ် ၄ ရက် ညနေပိုင်းကလည်း ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပန်းတောင်းမြို့နယ် အတွင်း ကြခတ်ရပ်ကွက်၌ ရေငါးပေခန့် မြင့်တက်နေသောနေရာရှိ နေအိမ်တစ်အိမ်၌ အိမ်အောက်ထပ်ရှိ လျှပ်စစ်မီးပလပ်ခုံမှာ ရေထိလုနီးပါးဖြစ်နေ၍ အိမ်ရှင်အမျိုးသမီးက မီးပလပ်ခုံကို ရေလွတ်ရာသို့ ပြောင်းရွှေ့ရန် ဖြုတ်ယူကြောင်း၊ ဖြုတ်ရာ၌ မိန်းခလုတ်မပိတ်ဘဲဖြုတ်ရာ လျှပ်စစ်ဓာတ်အား ရှိနေ၍ ပလပ်ခုံကိုင်လျက် ဓာတ်လိုက်နေစဉ် အိမ်နီးချင်းများက မိန်းခလုတ်ပိတ်မှသာ လူနှင့်ပလပ်ခုံလွတ်သွားပြီး လူက အောက်သို့ ပြုတ်ကျကြောင်း၊ သို့ရာတွင် ဆေးရုံမရောက်မီ လမ်း၌သေဆုံးသွားပါသည်။

ထိုနှစ် ဩဂုတ် ၇ ရက် ညနေပိုင်းကလည်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းရွာ စက်တန်းရပ်ကွက်နေ ဦးသိန်းထွန်းသည် ဓာတ်တိုင်မှ ၎င်း၏နေအိမ်သို့သွယ်တန်းထားသည့် ဆားဗစ်ဝိုင်ယာ (လျှပ်စစ်ဓာတ်ကြိုး) လျော့ကျ(အိကျ)နေ၍ အနီးရှိ ကုက္ကိုပင်ပေါ်သို့တင်ရန် ဓာတ်ကြိုးကိုကောက်ကိုင်ရာမှ ဓာတ်လိုက်သေဆုံးသွားရပြန်သည်။ ကဲ ဘယ်လောက်အန္တရာယ်များလဲ၊ လျှပ်စစ်ဆိုတာ ပေါ့လို့မရဘူးဗျ။ သတိ တစ်ချက်လွတ်တာနဲ့ ခံရပြီသာမှတ်ပေတော့။ ဓာတ်လိုက်မှု သုံးခုက ၂၀၁၆ ခုနှစ် ဩဂုတ်လမှာဖြစ်တဲ့ ဓာတ်လိုက်မှုသတင်းပါ။

> **အိမ်သွယ်ဆားဗစ်ကြိုး၊ ကောင်းကင်ဓာတ်အားလိုင်းကြိုးတို့ ပြတ်ကျနေသည်ကိုတွေ့လျှင် ရေစိုနေသော ဝါးလုံး၊ ရေစိုနေသော တုတ်၊ သံချောင်း၊ သံပိုက်လုံးတို့ဖြင့် ထိုးချခြင်း၊ ရိုက်ချခြင်း၊ ဖယ်ရှားခြင်း မပြုလုပ်ပါနှင့်။ သက်ဆိုင်ရာလျှပ်စစ်ရုံးသို့ အမြန်သတင်းပို့ပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများက လာရောက်ရှင်းလင်း ဖယ်ရှားပေးမည်ဖြစ်**

အိုးကမပူ၊ စလောင်းက ပူတယ်လို့တော့ မထင်ကြပါနဲ့။ စာရေးသူက မြန်မာပြည်သူပြည်သားတွေ၊ လူသားအရင်းအမြစ်တွေ လျှပ်စစ်ကြောင့် အန္တရာယ်ဖြစ်ပြီး ထိခိုက်ဆုံးရှုံးမှု မရှိရအောင် အစဉ်တစိုက် သတိပေးရေးသားနေသူ၊ အခါအားလျော်စွာ လျှပ်စစ်အန္တရာယ်ပညာပေးဟောပြောနေသူဖြစ်၍ ရေဘေး ကယ်ဆယ်ရေးစခန်းက မိမိတို့နေအိမ်ပြန်ကြသူတွေ အနက် ၂၀၁၅ ခုနှစ်က ရေဘေးလွတ်လို့အိမ်အပြန် စိတ်မချမ်းမြေ့စရာဖြစ်ခဲ့ရတဲ့ သတင်းများကို ကြားသိနေရပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ အိမ်သွယ် ဆားဗစ်ကြိုးပေါ်သို့ ဖြစ်စေ၊ မိမိတို့ ပတ်ဝန်းကျင်ရှိ ကောင်းကင်ဓာတ်အားလိုင်းသို့ဖြစ်စေ၊ သစ်ပင်၊ သစ်ကိုင်းများ လဲနေခြင်း၊ တင်နေခြင်းတို့ကို တွေ့ရှိလျှင် အိမ်သွယ်ဆားဗစ်ကြိုး၊ ကောင်းကင်ဓာတ်အားလိုင်းကြိုးတို့ ပြတ်ကျနေသည်ကိုတွေ့လျှင် ရေစိုနေသောဝါးလုံး၊ ရေစိုနေသော တုတ်၊ သံချောင်း၊ သံပိုက်လုံးတို့ဖြင့် ထိုးချခြင်း၊ ရိုက်ချခြင်း၊ ဖယ်ရှားခြင်း မပြုလုပ်ပါနှင့်။ သက်ဆိုင်ရာလျှပ်စစ်ရုံးသို့ အမြန်သတင်းပို့ပါက သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများက ဓာတ်အားပိတ်၍ လာရောက်ရှင်းလင်းဖယ်ရှား ပေးမည်ဖြစ်ပါသည်။ မိုးသည်းထန်စွာရွာသွန်း၍ဖြစ်စေ၊ မြစ်ရေကြီး၍ဖြစ်စေ၊ ထူးကဲဒီရေတက်၍ဖြစ်စေ၊ မိမိတို့ နေထိုင်ရာရပ်ကွက်၊ မိမိတို့နေထိုင်ရာလမ်းတွင် ခါတိုင်း ထက်ထူးကဲပြီး လမ်းပေါ်သာမက နေအိမ်များသို့ ရေဝင်ရောက်လာပါက မိမိတို့အိမ်ရှိ လျှပ်စစ်မီးခလုတ်ကို ပိတ်ထားပါ။ ထိုအချိန်အခါ၌ လျှပ်စစ်ဓာတ်အားအသုံး မပြုကြပါနှင့်။ မိမိတို့နှင့်သက်ဆိုင်ရာ မြို့နယ်လျှပ်စစ် မန်နေဂျာရုံးသို့ အခြေအနေအရပ်ရပ်ကို အချိန်မဆွဲဘဲ အမြန်ဆက်သွယ်သတင်းပေးပို့ပါရန် လိုအပ်ပါသည်။ သို့မှသာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများက သိရှိပြီး ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**သတိထားကြရန်လို**

စင်စစ် လျှပ်စစ်ဓာတ်အားသည် ရေတွင်ဖြတ်သန်းစီးဝင်နိုင်၍ ဓာတ်လိုက်နိုင်သလို ရေကြီးရေလျှံချိန်၌ ရေနှင့်အတူ မျောပါလာသော မြွေဆိုး၊ အဆိပ်ရှိသော မြွေတို့၏ အန္တရာယ်လည်းရှိသဖြင့် သတိထားကြရန် လိုအပ်ပါသည်။

ရေဘေးသင့်ပြည်သူတို့ကလည်း မိမိတို့နေအိမ် ရေနစ်မြုပ်ပါက လျှပ်စစ်မိန်းခလုတ်ကိုပိတ်၍ လျှပ်စစ်ဓာတ်အားဖြတ်ထားရန် လိုအပ်ပါသည်။ နေအိမ်ကို စွန့်ခွာ၍သွားရပါကလည်း အိမ်ရှိမိန်းခလုတ်ကို ပိတ်သွားကြပါ။

ရေဘေးသင့်ဒေသများ ရေပြန်ကျသွား၍ မိမိတို့နေအိမ်ကို ပြန်ကြသူများအနေဖြင့် ညရေး၊ ညတာ သွားလာကြရာတွင် လက်နှိပ်ဓာတ်မီးကို မဖြစ်မနေ ယူဆောင်သွားသင့်ပါသည်။ ယူဆောင်သွားသော လက်နှိပ်ဓာတ်မီးများဖြင့် ပြတ်ကျနေသောဓာတ်ကြိုးများ၊ အိကျနေသောဓာတ်ကြိုးများနှင့် မြွေများ၊ ကင်းများ၊ ရေနှင့်အတူပါလာတတ်သော အဆိပ်ရှိသတ္တဝါများကို မြင်အောင်ကြည့်၊ လွတ်အောင်ရှောင်၍ ရေကြီးလေတိုင်း ဝိုင်းဝိုင်းလည်နေသော သင့်ပတ်ဝန်းကျင်မှ အန္တရာယ်များ လွတ်ကင်းအောင် ဆင်ခြင်တုံတရားဖြင့် သတိထားရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




ဩဂုတ် ၂၀ ရက်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ ဆရာတော်များ၊ သင်တန်းသားများအပါအဝင် သံဃာတော် အပါး ၄၃၀ တို့အား ဆွမ်းပဒေသာပင်အလှူအတွက် မန္တလေးမြို့ ၈၈ လမ်းနှင့် ၁၇ လမ်း အမှတ် (၇၃/၈၈) နေ ဦးထွန်းသန်း+ဒေါ်မြသွင် (မြေး) အိရှင်းသန့်အိမ်၊ အိနှင်းသန့်အိမ်၊ မြတ်ချိုဦးနှင့် သကာရည်နှင့် သီးနှံပွဲရုံ မိသားစုတို့က ဆွမ်းပဒေသာပင် ကျပ်သိန်း ၁၀၀ ကို ဆွမ်းစားဆောင်၌ လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်းဦး လက်ခံရယူစဉ်။

တင်မောင်(မန်းကိုယ်ပွား)

## ဝိုင်းမော်မြို့နယ်အတွင်း ရေတိုက်စားပျက်စီးသွားသည့် ဆွတ်ဂျတ်ရေလွှဲဆည် ပြင်ဆင်ပြီးစီး

**ဝိုင်းမော် ဩဂုတ် ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဇွန်လနောက်ဆုံးပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် မန်ဝိန်းကျေးရွာ ဆွတ်ဂျတ်ရေလွှဲဆည်အား ပြုပြင်ပြီးစီးပြီဖြစ်၍ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေလွှဲဆည်မှာ ဇွန် ၂၆ ရက် ညပိုင်းက ဝိုင်းမော်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှဲဆည်တာပေါင်၌ အမှိုက်များ ပိတ်ဆို့၍ အရှည်ပေ ၃၀၊ အကျယ် နှစ်ပေခွဲနှင့် အမြင့် ရှစ်ပေရှိ တာပေါင်ကျိုးပေါက်ခဲ့၍ တာဝန်ရှိသူများက ဇူလိုင် ၃ ရက်မှစပြီး အသစ်တည်ဆောက်ပြင်ဆင်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြင်ဆင်ပြီးစီးသဖြင့် ဆွတ်ဂျတ်ဆည်ရေသောက်ဧရိယာအတွင်းရှိ မန်ဝိန်းကျေးရွာနေပြည်သူများ၏ လယ်မြေဧက ၂၀၀ ကျော်အား ဆည်ရေပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



ဩဂုတ် ၂၁ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြည်သူများအား မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ် ဆိုးကျိုးအကြောင်းကို ရောဝဏ်ရဲကင်း ခေတ္တစခန်းမှူး ဒု-ရဲအုပ် သန်းဇော်မင်းက အသိပညာပေးဟောပြောစဉ်။

ကိုရှည်

## မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၁**

ဒဂုံအရှေ့မြို့နယ် ရဲတပ်ဖွဲ့အပိုင်နယ်မြေအတွင်းရှိ အမှတ်(၁၁၈) ရပ်ကွက် စက်မှုဇုန်နယ်မြေ ဖုရင်ဖူရှင် အထည်ချုပ်စက်ရုံ၌ စခန်းမှူး ဒု-ရဲမှူးကိုကိုလွင်နှင့် အဖွဲ့က မှုခင်းကျဆင်းရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က ပြုလုပ်ခဲ့ရာ စက်ရုံတာဝန်ရှိသူများနှင့် စက်ရုံဝန်ထမ်းအင်အား ၃၉၅ ဦး တက်ရောက်ခဲ့သည်။

**ဇော်ဝင်း**

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန ဝန်ကြီးများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ် ပါဝင်စေလျက် ဗဟိုကော်မတီကိုဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ခ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ နေပြည်တော်ကောင်စီကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ မြေသိမ်းဆည်းရေးအတွက် တင်ပြလာသည့် အဆိုပြုတင်ပြချက်များအပေါ် စိစစ်ပြီး မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊

(ဂ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာသည့် မြေသိမ်းဆည်းရန် သင့် မသင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်ခွင့်ရှိသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(င) မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းများတွင် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်ခွင့်ရှိသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များနှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့ကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) အများပြည်သူအကျိုးအလို့ငှာ အဆောတလျင် မြေသိမ်းဆည်းခြင်းနှင့် ယာယီမြေသိမ်းဆည်းခြင်းတို့အတွက် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊

(ဇ) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေး၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိစေရေး၊အဂတိလိုက်စားမှုနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားမှုများ မဖြစ်စေရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

**အခန်း (၄)**

**မြေသိမ်းဆည်းရန် အဆိုပြုခြင်း၊ စိစစ်ခြင်းနှင့် ပဏာမစုံစမ်းစစ်ဆေးခြင်း**

၇။ ဤဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းပြုပေးရန် အောက်ပါအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းတို့သည် အဆိုပြုတင်ပြနိုင်သည် -

(က) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့။

၈။ မြေတစ်ရပ်ရပ်ကို အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန်လိုအပ်သည့် ပုဒ်မ ၇ ပါ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဗဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်ပြရမည် -

(က) မြေသိမ်းဆည်းရန်အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတို့ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊

(ခ) ဖက်စပ်ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်နှင့်အများပြည်သူအတွက် ပြည်တွင်း ပြည်ပမှ ထောက်ပံ့ကူညီလှူဒါန်းသည့် အစီအစဉ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း။

၉။ အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းပေးရန် တင်ပြသည့် အဆိုပြုလွှာတွင် အောက်ပါအထောက်အထားများ ပူးတွဲပါရှိစေရမည် -

(က) အဆိုပြုတင်ပြသူ သို့မဟုတ် အဆိုပြုရန်တာဝန်ပေးအပ်ခံရသူ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာ၊

(ခ) အလိုရှိသည့်မြေနှင့် သက်ဆိုင်သည့် မြေပုံနှင့်မြေရာဇဝင်မှတ်တမ်း၊ မြေတိုင်းတာပြီးစီးခြင်းမရှိပါက မြေပုံကြမ်း၊ တည်နေရာနှင့် ခန့်မှန်းဧရိယာ၊

(ဂ) မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် အလိုရှိသည့် အကြောင်းရင်းဖော်ပြချက်နှင့် မြေအသုံးချမည့်လျာထားချက်ပုံစံ၊

(ဃ) အလိုရှိသည့်မြေပေါ်တွင် ဘာသာရေးအဆောက်အအုံများ၊ အများပြည်သူဆိုင်ရာ သုသာန်မြေနှင့် သင်္ချိုင်းဂူများ ပါဝင်မှုရှိ မရှိနှင့် ပါရှိပါက ယင်းနေရာကို ချန်လှပ်ထားရေးအပေါ် သဘောထားတင်ပြချက်၊ ချန်လှပ်ခြင်းမရှိဘဲ သိမ်းဆည်းလိုပါက သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်နှင့် ညှိနှိုင်းသဘောတူညီချက်နှင့် ရွှေ့ပြောင်းနေရာချထားစရိတ်အပါအဝင် အခြားကုန်ကျစရိတ်အတွက် တာဝန်ယူကြောင်း ကတိခံဝန်ချက်၊

(င) အလိုရှိသည့်မြေတွင် လုပ်ဆောင်မည့်လုပ်ငန်းတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုစီးပွားရေးထိခိုက်မှုဆန်းစစ်ချက်၊

(စ) အလိုရှိသည့်မြေရှိ မြေပိုင်ဆိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့် အဆိုပြုချက်၊

(ဆ) မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်အရပ်ရပ်အတွက် ဆောင်ရွက်ရာတွင် ကုန်ကျမည့်ဘဏ္ဍာရေးဆိုင်ရာကိစ္စအတွက် အဆိုပြုတင်ပြသူက တာဝန်ယူကြောင်း ဝန်ခံကတိပြုလွှာ၊

(ဇ) အဆောတလျင် မြေသိမ်းဆည်းခြင်း သို့မဟုတ် ယာယီမြေသိမ်းဆည်းပေးခြင်းပြုရန်လိုအပ်လျှင် လုံလောက်သော အကျိုးအကြောင်းဖော်ပြချက်၊

(ဈ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာသဘောတူညီချက်။

၁၀။ ဗဟိုကော်မတီသည် မြေကို အလိုရှိကြောင်း တင်ပြသည့် အဆိုပြုလွှာကို စိစစ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးစေရန်နှင့် မြေသိမ်းဆည်းရန် သင့် မသင့် သဘောထားမှတ်ချက်တင်ပြရန် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အဆိုပြုလွှာနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည့်အပြင် ထိုအကြောင်းကြားစာမိတ္တူကို တာဝန်ခံ ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၁။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ ဗဟိုကော်မတီက အကြောင်းကြားလာသည့်အခါ မြေကို အလိုရှိကြောင်း တင်ပြသည့် အဆိုပြုချက်ကို စိစစ်ပြီး ပုဒ်မ ၉ ပါ အချက်များ ပြည့်စုံစွာဖော်ပြပါရှိပါက အောက်ပါကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ အစီအစဉ်များချမှတ်၍ ဆောင်ရွက်ရမည် -

(က) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့်အဆိုပြုမှုအပေါ် အများပြည်သူ ရှင်းလင်းစွာ သဘောပေါက်သိရှိရေးအတွက် ဒေသခံပြည်သူများနှင့် ဆွေးနွေးခြင်း၊ သဘောထားရယူခြင်း၊ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါဝင်စေခြင်း၊

(ခ) သိမ်းဆည်းရန် ရည်ရွယ်သည့် မြေနေရာရှိ ထိခိုက်နစ်နာသူများ၏ လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှု အလားအလာများအပေါ် မြေသိမ်းဆည်းရန်အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်များကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ဂ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် လျာထားချက်များကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်နှင့် ထိခိုက်နစ်နာသူများ၏ လိုလားချက်များအပေါ်အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အဆိုပြုသည့် မြေသိမ်းဆည်းမှုသည် နိုင်ငံတော်၏ အကျိုး၊ အများပြည်သူအကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေ ရှိ မရှိ၊

(င) အဆိုပြုလွှာတွင် ပူးတွဲပါရှိသည့်ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းအစီအမံများ ပြည့်စုံလုံလောက်မှုအခြေအနေ၊

(စ) ဌာနဆိုင်ရာနှင့် ပြင်ပကျွမ်းကျင်ပညာရှင်များ၏ သဘောထားမှတ်ချက်ရယူခြင်း၊

(ဆ) စိစစ်တွေ့ရှိချက်များကို သုံးသပ်ခြင်း၊ သဘောထားမှတ်ချက်နှင့်တကွ ဗဟိုကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

၁၂။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် မြေကိုအလိုရှိကြောင်း တင်ပြသည့် အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁ ပါ ကိစ္စများအပြင် အခြားလိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ တစ်ဖွဲ့ဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေ ဖွဲ့စည်းပြီး တာဝန်ပေးအပ်ရမည်။

၁၃။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ခွဲသည် -

(က) သိမ်းဆည်းရန် အဆိုပြုသည့် မြေနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူတို့ထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အကြောင်းကြား၍ မြေပြင်သို့ကွင်းဆင်းပြီး ထိုမြေသည် အသုံးပြုရန်သင့်လျော်ခြင်း ရှိ မရှိ သေချာစေရန် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်သည်။

(ခ) ကွင်းဆင်းတိုင်းတာခြင်း၊ ထိခိုက်နစ်နာသူများနှင့် ထိခိုက်နစ်နာမည့်အခြေအနေ စာရင်းကောက်ယူရမည်။

(ဂ) မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရွက်ချက်များကို နေပြည်တော်ကောင်စီသို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၁၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သည် -

(က) မြေကိုအလိုရှိကြောင်း တင်ပြသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် သင့် မသင့် မိမိတို့၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားပူးတွဲ၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက အများပြည်သူ သိရှိရန် ထိုမြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ မူကြမ်းကို ပူးတွဲ၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း တင်ပြလာသည့် မြေနှင့် အဆောက်အအုံတို့မှာ အောက်ပါတို့နှင့် အကျုံးဝင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိမှသာ မြေသိမ်းဆည်းခြင်းကိစ္စကို ဆောင်ရွက်ရမည်-

(က) တည်ဆဲဥပဒေအရ ကာကွယ်ထိန်းသိမ်းထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံတည်ရာ မြေနေရာများ၊

(ခ) သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသည့် နေရာများ၊

(ဂ) သမိုင်းကြောင်း ခိုင်မာစွာတည်ရှိလာပြီး ပြည်သူအများ တန်ဖိုးထား ထိန်းသိမ်းလာသည့် အထင်ကရနယ်မြေများနှင့် အဆောက်အအုံများ၊ ပရိဝုဏ်များ၊ အထိမ်းအမှတ်နေရာများ၊

(ဃ) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံအရ အသုံးပြုနေသော မြေများနှင့် အမြတ်တနိုးရှိသေတန်ဖိုးထား စောင့်ရှောက်ထိန်းသိမ်းထားသည့် နေရာများ။

**(ဆက်လက်ဖော်ပြပါမည်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ကက) လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းရှင်းစွာ မော်တော်ယာဉ်မောင်းနှင်နိုင်စွမ်း သို့မဟုတ် ယာဉ်အကူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိသော ရောဂါ သို့မဟုတ် မသန်မစွမ်းမှုတစ်ခုခုဖြစ်နေခြင်း။

(ခခ) စိတ်ကျန်းမာကြံ့ခိုင်မှုမရှိခြင်း။

(ဂဂ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိခြင်း။

(ဃဃ) ရာဇသတ်ကြီးပါ ယာဉ်မတော်တဆထိခိုက်မှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း။

(ခ) ပုဒ်မ ၂၉ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

၃၁။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင်ရရှိသူက အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း တွေ့ရှိပါက ယာဉ်မောင်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်-

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ၊ နည်းဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူဖြစ်ခြင်း။

(ဂ) ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်ချက်ဟောင်းမှတ်တမ်းရှိသည့်အပြင် ထိုသူ၏ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မောင်းနှင်မှုဖြစ်ခြင်း။

၃၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိနှင့် ရဲအရာရှိတို့သည် ယာဉ်မောင်းလိုင်စင်ရရှိသူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို ကျူးလွန်သည့် ပြစ်မှုအတွက် အမှတ်ပေး၍ အပြစ်ပေးအရေးယူသည့်စနစ် (Demerit Point System) ကို သတ်မှတ်ချက်နှင့်အညီ ကျင့်သုံးနိုင်သည်။

၃၃။ ယာဉ်မောင်းလိုင်စင်အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ယာဉ်မောင်းလိုင်စင် ပြောင်းလဲထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၄။ ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၅။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပြည်ပမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း သို့မဟုတ် စစ်ဆေးခြင်းပြု၍ ယာဉ်မောင်းလိုင်စင်ကို ဖြစ်စေ၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ကိုဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

ရှင်းလင်းချက်။ ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ဆိုရာတွင် ပုဒ်မ ၉ (ဃ) တွင်ပါရှိသော ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများက ပြည်တွင်းယာဉ်မောင်းလိုင်စင်ကို ရယူလိုသည့်အခါ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်း သက်ဆိုင်စေရမည်။

၃၆။ သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်အကူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ၎င်း၏ ယာဉ်အကူလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၃၇။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ကိုင်ဆောင်သူက သတ်မှတ်ထားသည့် စည်းကမ်းကို လိုက်နာရန် ပျက်ကွက်မှုကို မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် အမျိုးအစားပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

## အခန်း(၇)
## လုပ်ငန်းလိုင်စင်

၃၈။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၃၉။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၃၈ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၁။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင် သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၂။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ခွင့်ပြုထားသော လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၃။ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဦးစီးဌာနသည် ထိုလုပ်ငန်းလိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း။

(ခ) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း။

(ဂ) လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း။

## အခန်း(၈)
## အယူခံခြင်း

၄၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိက ပုဒ်မ ၁၅၊ ၁၆ (က)၊ ၂၂ နှင့် ၂၅ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၄၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၄၄ အရ အယူခံမှုကို စိစစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဒ်မ ၄၅ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကဖြစ်စေ ပုဒ်မ ၁၅၊ ၁၆ (က)၊ ၂၂ နှင့် ၂၅ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၄၈။ ဦးစီးဌာနသည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့အရ အယူခံမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်အရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကဖြစ်စေ ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၉။ (က) ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာန မှတ်ပုံတင်အရာရှိကဖြစ်စေ ပုဒ်မ ၁၅၊ ၁၇၊ ၂၂ (က)၊ ၂၄ (ခ)၊ ၂၅၊ ၂၆၊ ၃၉ (က)၊ ၄၁ (က)၊ ၄၃ နှင့် ၄၈ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန မှတ်ပုံတင်အရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

၅၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၅ နှင့် ၃၆ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၅၀ အရ အယူခံမှုကို စိစစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိကဖြစ်စေ ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၅ နှင့် ၃၆ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၄။ ဦးစီးဌာနသည် ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့အရ အယူခံမှုကိုစိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၅။ (က) ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ဦးစီးဌာနက ပုဒ်မ ၅၄ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာနနှင့် ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း(၉)
## လျော်ကြေးငွေပေးဆောင်ခြင်း

၅၆။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄(က) အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်း ပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခု ပျက်စီးလျှင် အဆိုပါ ပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေ ပေးစေရန် အမိန့်ချမှတ်ခြင်း။

(ဆက်လက်ဖော်ပြပါမည်)

## YBS ယာဉ်လိုင်းများ ယာဉ်စီးခနှုန်းထားတိုးမြှင့်သတ်မှတ်မည်ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ပြောကြား

**ရန်ကုန် ဩဂုတ် ၂၁**

ဝန်ဆောင်မှုကောင်းသည့် YBS ယာဉ်လိုင်းများကို ယာဉ်စီးခနှုန်းထားတိုးမြှင့်သတ်မှတ်ပေးမည်ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ရုံးချုပ်တွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ (၇/၂၀၁၉) တွင် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ YRTA အနေနဲ့ လတ်တလောမှာ YBS ယာဉ်လိုင်းတွေမှာ ယာဉ်စီးခတိုးမြှင့်ကောက်ခံဖို့ အစီအစဉ်မရှိပါဘူး။ အထူးသဖြင့် ဝန်ဆောင်မှုအပေါ်မူတည်ပြီး ယာဉ်စီးခ တိုးမြှင့်ကောက်ခံဖို့မရှိပါဘူး။ ယာဉ်စီးခကောက်ဖို့ဆိုတာ အတော်ကို တွက်ချက်ရပါတယ်။ ပြေးဆွဲသူကုမ္ပဏီဘက်ရော စီးနင်းသူပြည်သူဘက်ပါ ကြည့်ရပါတယ်။ နှစ်ဦးနှစ်ဖက်အဆင်ပြေနိုင်မယ့်နှုန်းထားကို ရေတိုရေရှည်ကြည့်ပြီး သတ်မှတ်ရတာဖြစ်ပါတယ်" ဟု ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည် ဝန်ဆောင်မှုအတွက် မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေမှာ ဇူလိုင်လကုန်အထိ ၆၆၀၀၀ ကျော်ရှိပြီး အများစုမှာ City Bus နှင့် Mini Bus များဖြစ်ကြောင်း၊ လက်ရှိကာလတွင် ယာဉ်လိုင်း ၁၀၀ ကျော်မှ ယာဉ်စီးရေ ၄၅၀၀ ကျော်တို့က ပြေးဆွဲလမ်းကြောင်း ၁၃၀ ခန့်ဖြင့် နေ့စဉ်ပြေးဆွဲပေးနေပြီး ခရီးသည်၁ဒသမ၉သန်းကို ဝန်ဆောင်မှုပေးနေကြောင်း၊ ယာဉ်စီးခနှုန်းထားများ အနေဖြင့် ကျပ် ၁၀၀ ပေးရသည့် မြို့ပတ်ယာဉ်လိုင်းများ၊ ကျပ် ၂၀၀ ပေးရသည့် အဲကွန်း ယာဉ်လိုင်းများ၊ ခရီးအကွာအဝေး ရှည်လျားမှုအရ တစ်ပိုင်းလျှင်ကျပ် ၂၀၀ ဖြင့် နှစ်ပိုင်း ခရီးစဉ်အစအဆုံး ကျပ်၃၀၀ ပေးရသည့်ယာဉ်လိုင်းများ၊ ဆူးလေမှ လေဆိပ်ပြေးဆွဲပေးနေသော ကျပ် ၅၀၀ ပေးရသည့် ယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိကြောင်း ယနေ့ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ကိုထက်**



## တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) များထုတ်ပေး

**မြစ်ကြီးနား ဩဂုတ် ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်းရှိတောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) များ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) များပေးအပ်ရခြင်းနှင့် ပတ်သက်၍ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက "တောင်သူဦးကြီးများအတွက် အရေးကြီးသည့်ပုံစံ (၇) များကိုစီမံချက်ရေးဆွဲပြီး ဆောင်ရွက်ပေးရခြင်း ဖြစ်ပါတယ်၊ စီမံချက်အရ တောင်သူဦးရေပေါင်း ၁၁၀၀၀ ကျော်ကို ပေးနိုင်ရေးအတွက် စီမံချက်မှာ ရေးဆွဲထားပါတယ်၊ စိုက်ဧကပေါင်း အနေနဲ့ ၄၇၀၀၀ ကျော်အတွက် ထုတ်ပေးသွားမှာဖြစ်ပါတယ်၊ ဒီနေ့မှာတော့ မြစ်ကြီးနားခရိုင်ရှိ တောင်သူများအတွက် ပုံစံ (၇) များကို ထုတ်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များကို မြစ်ကြီးနားမြို့နယ်အတွင်း ဆင်ဘိုဒေသအပါအဝင် ကျေးရွာအုပ်စုပေါင်း ခုနစ်အုပ်စုမှ တောင်သူ ၃၅၁ ဦး၊ ဝိုင်းမော်မြို့နယ်အတွင်း ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူပေါင်း ၁၉၉ ဦး၊ တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ရှစ်အုပ်စုမှ တောင်သူ ၄၇ ဦးအတွက် ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ထုတ်ပေးခဲ့ကြသည်။

ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်း တောင်သူများ၏ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးနိုင်ရေးအတွက် မေလမှ အောက်တိုဘာလအထိ စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ပြီး ပုံစံ (၇) ထုတ်ပေးနိုင်မှုမှာ တစ်ပြည်နယ်လုံး အတိုင်းအတာအနေဖြင့် ၆၂ ရာခိုင်နှုန်းကျော် ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း နှင့်မြစ်ကြီးနားခရိုင်အတွင်း တောင်သူ ၁၀၇၉ ဦး၊ ဦးပိုင်ပေါင်း ၁၂၃၉ ခု၊ ဧရိယာပေါင်း ၉၉၀၈ ဧကကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## လမ်းခင်းပြီးသော်လည်း ခရီးသည်တင်ယာဉ်များ ပြေးဆွဲမှုမရှိ

**ရန်ကုန် ဩဂုတ် ၂၁**

ရွှေပြည်သာမြို့နယ်ရှိ လှော်ကား-ဝါးတရာလမ်းမကြီးအား လမ်းသစ်ခင်းကျင်းမှုပြီးစီး၍ လမ်းအသုံးပြုခွင့်ရရှိနေပြီဖြစ်သော်လည်း အမှတ် ၂၁ ရပ်ကွက်ရှိ လိန်ကုန်းသိမ်ချောင်းမှုရင်းဂိတ်သို့ YBS ခရီးသည်တင်ယာဉ်များ ပြေးဆွဲမှုမရှိသေးသဖြင့် ဒေသခံပြည်သူများ ခရီးသွားလာရာတွင် နှောင့်နှေးကြန့်ကြာသည့် အခက်အခဲများ တွေ့ကြုံခံစားနေရကြောင်း ဒေသခံတစ်ဦးက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

"ယခင်ကတည်းက ရှိပြီသားဂိတ်ပါ၊ လမ်းပျက်စီးနေလို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက လမ်းသစ်ခင်းလို့ လမ်းခဏပိတ်ထားတာ၊ အခုလမ်းသစ်ဖွင့်လိုက်တာ တစ်ပတ်ကျော်ပြီ၊ အခုအထိ YBS (၄၂)၊ (၄၀)၊ (၆၅ အဝါ) ကားကြီးများ လိန်ကုန်းသိမ်ချောင်းဂိတ်ကို ဘယ်အချိန်မှာ ဂိတ်ထိုးမှာလဲ စောင့်မျှော်နေရဆဲပါ" ဟု ဒေသခံပြည်သူ ဦးမျိုးဆွေက ပြောကြားသည်။

လှော်ကား - ဝါးတရာလမ်းမကြီး အရှည်ပေ ၉၀၀၀ အား လှော်ကားအောက်ထိပ်မှ လိန်ကုန်းကျေးရွာအဆုံးအထိ ကျောက်လမ်းသစ်ခင်းပြီးပြီဖြစ်ရာ ခရီးသွားယာဉ်နှင့် ပြည်သူများ အသုံးပြုနေကြပြီဖြစ်သည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## ပြည်သူ့စာကြည့်တိုက်ရှိ ပြတိုက်ငယ်နှင့် စာဖတ်ခန်းအား လေ့လာ

**ရန်ကုန် ဩဂုတ် ၂၁**

တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ Women Club အဖွဲ့ဝင်များနှင့်အတူ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများသည် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ရှိ စာဖတ်ခန်းနှင့် ပြတိုက်ငယ်တို့အား လာရောက်လေ့လာခဲ့ကြသည်။

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့အောင်က စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသော သုတ/ရသ စာအုပ်စာစောင်များနှင့်ပတ်သက်၍လည်းကောင်း၊ တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွှေးမွှေးရီက ပြတိုက်ငယ် (Mini Museum) တွင် ပြသထားသော မြို့နယ်သမိုင်းကြောင်းနှင့် အထင်ကရမှတ်တမ်းများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ ရှေးဟောင်းလက်ရာများ၊ ခေတ်အဆက်ဆက်သုံး ငွေစက္ကူနှင့် အကြွေစေ့များ၊ တိုင်းရင်းသားစာပေများနှင့် ပုံပြင်များ၊ ဒေသထွက်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင် (တာမွေ)**

## မြောင်တွင် မီးဘေးနှင့် သဘာဝဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြောင် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ဘေးကင်းစေရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ဩဂုတ်၂၀ ရက် နံနက် ၉ နာရီက မြောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

"မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များအကြောင်း ကလေးငယ်များသိရှိနိုင်ဖို့အတွက် အခုလို သရုပ်ပြဇာတ်တိုက်မှု ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်၊ ဒါမှလည်း တကယ့်အန္တရာယ်နဲ့ကြုံလာတဲ့အခါ စိုးရိမ်စိတ်ကင်းမဲ့စွာ ရင်ဆိုင်တွေ့ရမယ့် သဘာဝဘေးအန္တရာယ်တွေကို သူတို့လေးတွေ အလွယ်တကူ သတ္တိရှိရှိ ရင်ဆိုင်ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြတ်သူက ပြောကြားသည်။

**တင်ကိုကို(မြောင်)**

## တောတောင်စိမ်းစို သာယာပို၏



## လှိုင်ကော်မြို့နောင်ယားကန်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**လှိုင်ကော် ဩဂုတ် ၂၁**

ရေပြင်ရှာဖွေကယ်ဆယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ နောင်ယားကန်၌ ပြုလုပ်သည်။

အဆိုပါ ရေပြင်ရှာဖွေကယ်ဆယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုကို လှိုင်ကော်ခရိုင် ရှာဖွေကယ်ဆယ်ရေး အထူးတပ်စု မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ရေကြီးနစ်မြုပ်ရာတွင် Speed Boat (စက်တပ်လှေငယ်)ဖြင့်လည်းကောင်း၊ ကြိုးတန်းဖြင့်လည်းကောင်း၊ ၁၀ ယောက်တစ်တန်း ရေအမြန်ကူးခြင်းဖြင့်လည်းကောင်း လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

လှိုင်ကော်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်းက "ပြည်နယ်အချို့မှာ သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ပွားနေတယ်။ ကျွန်တော်တို့ပြည်နယ်မှာလည်း ဒီလိုသဘာဝဘေးဖြစ်တဲ့ ရေကြီးနစ်မြုပ်မှုတွေဖြစ်ပွားခဲ့ရင် ထိထိရောက်ရောက် လျင်မြန်စွာ ကယ်ဆယ်ရေးကို ဆောင်ရွက်နိုင်စေဖို့ လက်တွေ့ဇာတ်တိုက် လေ့ကျင့်ရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ကိုစိုင်း (လှိုင်ကော်)**

## ဓနိဖက်များအဝယ်လိုက်သဖြင့် ချောင်းဆုံမြို့နယ်တွင် လုပ်ငန်းရှင်များ အဆင်ပြေ

**ချောင်းဆုံ ဩဂုတ် ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ထွက်ရှိသည့် ဓနိဖက်များ ယခင်နှစ်ထက် ဈေးပိုမိုရရှိလာပြီး ဓနိဖက်လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေမှုများရှိလာကြောင်း ဒေသခံများထံမှ သိရသည်။

ယခင်နှစ်များတွင် ဓနိဖက်များကို မိုးတွင်းကာလတွင် လုပ်ငန်းနားနေရပြီး ဖက် ၁၀ ပျစ် တစ်စည်းလျှင် ယခင်က ငွေကျပ် ၃၅၀ သာရရှိခဲ့ရာ ယခုအခါ နယ်ဘက်များမှ ဓနိဖက် အဝယ်လိုက်သဖြင့် ယခုအချိန်တွင် ငွေကျပ် ၅၀၀ အထိမြင့်တက်ခဲ့ကြောင်းသိရသည်။

"တစ်နေ့ကို ဖက်အစည်း ၆၀၀၀ ကျော်လောက် ထွက်ပါတယ်။ ဒါကလည်း ဖက် (ဓနိဖက်ကြမ်း) ရတဲ့အပေါ်မူတည်ပြီး ကွာသွားတာပါ"ဟု ဓနိဖက်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းမော်က ပြောသည်။

"မိုးတွင်းကာလမှာက အလုပ်တွေက ရှားတယ်လေ၊ လယ်ရှိတဲ့လူတွေဆို ကောက်စိုက်စပါးရိတ်ပြီးသွားတာနဲ့ အလုပ်ကပါးလာတယ်။ ရွာမှာက ဓနိဖက်ခြံရှင်တွေက ဓနိဖက်ဈေးကောင်းတော့ မိုးတွင်းကာလမှာပါ ဖက်ခုတ်တာတို့ နောက်ပြီး ဖက်ထိုးတာတွေနဲ့ အလုပ်ရှိနေတော့ တစ်နေ့ကို ငွေကျပ် ၇၀၀၀၊ ၈၀၀၀ လောက်ရတယ်"ဟုဓနိဖက်ထိုးသည့် အလုပ်သမားတစ်ဦးက ပြောသည်။

ဓနိဖက်လုပ်ငန်းများကို ချောင်းဆုံမြို့ ကွမ်သဲကျေးရွာ၊ မရမ်းကျေးရွာတို့တွင် အများဆုံးလုပ်ကိုင်ကြပြီး ယခင်က ဘီလူးကျွန်းချောင်းဆုံတံတားမရှိခင်အချိန်က ချောင်းဆုံမြို့နယ်မှ ထွက်ရှိသည့် ဓနိဖက်များကိုရေလမ်းများဖြင့်သာ မုဒုံ၊ ရေး၊ ကျိုက္ခမိစသည့် မြို့နယ်တို့မှ လာရောက်ဝယ်ယူလျက်ရှိပြီး တံတားရှိသည့်နောက်ပိုင်းများမှစ၍ ရန်ကုန်၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်တို့မှ လာရောက်ဝယ်ယူလျက်ရှိနေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေဆိုးစွန့်ထုတ်မှုများ အသိပညာပေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၁**

ပတ်ဝန်းကျင်ဆိုင်ရာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများစစ်ဆေးခြင်းနှင့် ရေအသုံးပြုမှု၊ ရေဆိုးစွန့်ထုတ်မှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးထွဋ်ဆွေက ပုဂ္ဂလိကစက်မှုလုပ်ငန်းများတည်ထောင် လုပ်ကိုင်ရာတွင် လိုက်နာရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေး မှူး ဒေါ်ဘောက်ရာက စွန့်ပစ်ရေနှင့် စွန့်ပစ်ရေဆိုးသန့်စင်သည့် နည်းစနစ်များ အကြောင်းကိုလည်းကောင်း၊ ဘွိုင်လာစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းက ဘွိုင်လာအသုံးပြုသည့် စက်ရုံများမှထွက်ရှိလာသည့် အမှုန်အမွှားများနှင့် အခိုးအငွေ့များအား သန့်စင်သည့် အကြောင်းကိုလည်းကောင်း၊ လျှပ်စစ်စစ်ဆေးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကိုကိုက လျှပ်စစ်အန္တရာယ်အကြောင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြွယ်က စွန့်ပစ်ရေ စီမံခန့်ခွဲမှုဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ သထုံမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့အား ကြည့်ရှု

**သထုံ ဩဂုတ် ၂၁**

မွန်ပြည်နယ် သထုံမြို့နန်းခဲရပ်ကွက်ရှိ သထုံမြို့မရဲစခန်း သထုံ(သုဓမ္မဝတီ)နယ်မြေရဲစခန်း၊ သထုံမြို့ နန်းခဲရပ်ကွက်ရှိ သထုံခရိုင်တရားရုံးအချုပ်ခန်းနှင့် နန်းခဲရပ်ကွက်ရုံးကြီးလမ်းရှိ သထုံအကျဉ်းထောင်တို့အား ဩဂုတ် ၂၁ ရက်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



နေပြည်တော် ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူးအောင်ဇော်ထွန်းနှင့်အဖွဲ့ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ကျေးရွာသူ ကျေးရွာသားများအား မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ **ခွန်းဆက်နေ**

## တိုတိုထွာထွာဖတ်စရာ

### အုတ်ရေလှောင်ကန်တည်ဆောက်ပြီးစီး

**မိတ္ထီလာ**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်၌ ရပ်ကွက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် အလျားပေ ၄၀၊ အနံ ၂၅ ပေ၊ အမြင့် ရှစ်ပေရှိ ဂါလန် ၅၀၀၀၀ ဆံ့ အုတ်ရေလှောင်ကန်ကို ဇွန်လပထမပတ်ကစတင်တည်ဆောက်လျက်ရှိရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ရပ်ကွက်နေပြည်သူများအား သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

### နတ်စင်ငူရေနောက်ချောင်း ကမ်းပါးပြိုကျ

**ရေကြည်**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဇရပ်လုကျေးရွာအုပ်စု ဇရပ်လုရွာမ အထက်ပိုင်းတွင် ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီက ရေတိုက်စားမှုကြောင့် နတ်စင်ငူရေနောက်ချောင်း ချောင်းကမ်းပါးပြိုကျသွားခဲ့သည်။

အဆိုပါ နတ်စင်ငူရေနောက်ချောင်း ရေတိုက်စားမှုကြောင့် ဇရပ်လုကျေးရွာအထက်ပိုင်းကမ်းပါးပြိုကျမှုကို ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုလှိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြတို့ သွားရောက်ကြည့်ရှုပြီး ကမ်းပြိုမှုမဖြစ်စေရေးနှင့် နှစ်ရှည်ခံအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဆန်းတင့် (ရေကြည်)**

### မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်သည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာ (၂)ရပ်ကွက် အထက၌ မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဒဂုံတောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးမှုကို ဩဂုတ်လဒုတိယပတ်က ပြုလုပ်ခဲ့သည်။ **ကိုထက်**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ခလောက်ချိုက်နယ်မြေရဲစခန်းမှ ရဲအုပ်လှဌေးသည် ဩဂုတ် ၁၈ ရက်က တမံကြီးကျေးရွာ၌ ပြည်သူများအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## အနုပညာ



### အာဂျေယန်းအကြောင်း ဖွင့်ဟလာတဲ့ ဂိုဟေဆန်း

မကြာသေးမီကမှ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာတဲ့ တောင်ကိုရီးယားကြယ်ပွင့်စုံတွဲ အာဂျေယန်းနဲ့ ဂိုဟေဆန်းတို့ဟာ တရားဝင်ကွာရှင်းပြတ်စဲဖို့ရာ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဂိုဟေဆန်းက လတ်တလောမှာ အာဂျေယန်းနဲ့ပတ်သက်ပြီး ထပ်မံရင်ဖွင့်ခဲ့ကြောင်း ကိုရီးယားဘိုးဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို တရားဝင်ကွာရှင်းပြတ်စဲကြရာမှာ ဂိုဟေဆန်းဘက်က ကွာရှင်းလိုခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒ့ါအပြင် အာဂျေယန်းဟာ မကြာခဏသောက်စားလေ့ရှိပြီး လက်ထပ်ပြီးချိန်မှာပင် အခြားသောမိန်းကလေးတွေနဲ့ ဖုန်းပြောလေ့ရှိကြောင်းနဲ့ တွေ့ဆုံလေ့ရှိကြောင်း ပြောကြားလာတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇွန်လအတွင်း အာဂျေယန်းရဲ့ မွေးနေ့မတိုင်မီနေ့မှာလည်း အာဂျေယန်းဟာ အခြားသော မိန်းကလေးသုံးဦးနဲ့ စားသောက်ဆိုင်မှာ ရှိနေခဲ့ကြပါတယ်။ ဒီလို အာဂျေယန်းအနေနဲ့ အခြားသော မိန်းကလေးတွေနဲ့ ရှိနေတဲ့ ဓာတ်ပုံတွေဟာ လတ်တလောမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေတာဖြစ်ပါတယ်။

### ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ် No Time to Die

ကျော်ကြားတဲ့ ဟောလိဝုဒ်ရုပ်ရှင်တစ်ခုဖြစ်တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်မှာ ယခင်ရုပ်ရှင်မှာ အဓိက ဇာတ်ဆောင်ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်ပေးထားတဲ့ မင်းသားကြီး ဒန်နီရယ်ခရက်ချ်ကပင် အထူးစုံထောက်တစ်ဦးဖြစ်တဲ့ 007 အဖြစ် ပါဝင်ထားပြီး ရုပ်ရှင်ရဲ့ အမည်ကို " No Time to Die " လို့ ပေးထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဩဂုတ် ၂၀ ရက်မှာ ဂျိမ်းစ်ဘွန်းရုပ်ရှင်ထုတ်လုပ်သူတွေက ရုပ်ရှင်ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာပေါ်ကနေ ရုပ်ရှင်သစ်နဲ့ပတ်သက်တဲ့ သတင်းတွေကို ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ရဲ့ အမည်ကို ထုတ်ဖော်ပြောကြားခဲ့တဲ့အပြင် တရားဝင်စတင်ပြသသွားမယ့် နေ့ကိုလည်း တစ်ပါတည်း အသိပေးခဲ့ပါတယ်။ " No Time to Die " ကို လာမယ့် ဧပြီ ၃ ရက်တွင် ယူကေမှာ စတင် ပြသသွားမှာဖြစ်ပြီး အမေရိကန်မှာတော့ ဧပြီ ၈ ရက်မှာ စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဗြိတိန် စုံထောက်တစ်ယောက်အကြောင်း ရိုက်ကူးထားတဲ့ အဆိုပါရုပ်ရှင်သစ်ကို ပြီးခဲ့တဲ့ ဧပြီလအတွင်း ဂျမေကာမှာ သွားရောက်ရိုက်ကူးခဲ့စဉ်က ရုပ်ရှင်သစ်မှာ အော်စကာဆုရှင် မင်းသားရမ်မိမာလိခ်က ဗီလိန်တစ်ဦးအဖြစ် ပါဝင်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ရုပ်ရှင်သစ်မှာ ဂျိမ်းစ်ဘွန်းအဖြစ်ပါဝင် ထားတဲ့ မင်းသားကြီး ဒန်နီရယ်ခရက်ချ်က ၂၀၁၇ ခုနှစ်တုန်းက သူ့အနေနဲ့ ဂျိမ်းစ်ဘွန်းအဖြစ် ငါးကြိမ်မြောက် ပါဝင်သွားဦးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။

" No Time to Die " မှာ ဂျိမ်းစ်ဘွန်းဟာ ပြန်ပေးဆွဲခံထားရတဲ့ သိပ္ပံပညာရှင်တစ်ဦးကို ကယ်ထုတ်ရမှာ ဖြစ်ပါတယ်။ ဗီလိန်တွေဟာ နည်းပညာသစ်တွေနဲ့ လူသားတွေကို အန္တရာယ်ပြုဖို့ ကြိုးစားခဲ့တာကြောင့် ဂျိမ်းစ်ဘွန်းက ဒီပြဿနာတွေကို ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ ရုပ်ရှင်သစ်ရဲ့ ဇာတ်ဝင်ခန်းတစ်ခန်းမှာ ဂျိမ်းစ်ဘွန်းဟာ သူငယ်ချင်းဟောင်းတစ်ဦး သူ့ထံလာရောက်ကာ အကူအညီမတောင်းခံမီ ဂျမေကာမှာ ဇိမ်ကျတဲ့ဘဝနဲ့ နေထိုင်ရင်း အပန်းဖြေနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီရုပ်ရှင်သစ်ကို လန်ဒန်၊ အီတလီနဲ့ နော်ဝေတို့မှာလည်း သွားရောက်ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ယခင်က ဒီရုပ်ရှင်ကို ၂၀၁၉ ခုနှစ်အတွင်း စတင်ပြသသွားဖို့ရာ ရည်ရွယ်ထားတာဖြစ်ပေမယ့် ဒါရိုက်တာအပြောင်းအလဲကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းမှာမှ ပြသနိုင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီသမိုင်း





ဗုဒ္ဓစာပေ မင်းသန်းခိုင်(ကွမ်းခြံကုန်း) စီစဉ်ရေးသားသည့် သာသနာ့ဦးစေတီကွန်ရက် တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီသမိုင်းစာအုပ် ထွက်ရှိလာသည်။

ရှေးမွန်လူမျိုးတို့အခေါ် မင်္ဂလွန်းသည် မန်ကျည်းပင်ဖြစ်သည်။ ယခုရွာအမည်သည် ကျွန်းနှင့်ချောင်းကို အမှီပြု၍ အနွတ္တမည်သော ကျွန်းချောင်းရွာနာမည်ဖြစ်သည်။ ရှေးအခေါ် မင်္ဂလွန်းရွာသည် သမိုင်းမညှိုးသောတန်ခိုးတေဇာဖြင့် စေတီ၏ဘွဲ့အမည်ဖြစ်သည်။ သာသနာ့ဒေဝါ အခြံအရံဖြင့် ပေါ်လွင်ထင်ရှားခြင်းဖြစ်သည်။ ရောဝတီမြစ်ကြီးလက်တက် တိုးမြစ်ဘေးတွင် ကြည်ညိုဖွယ်ရာ တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီကို ဖူးတွေ့နိုင်သည်။

**စာအုပ်ကို - ဇမ္ဗူဒီပစာပေ၊ အမှတ်-၉၇၊ ရွှေတိဂုံအရှေ့မုခ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၇၃၂၀၁၈၈၇ နှင့် ၀၉ ၄၄၃၂၀၁၈၈၇ တို့မှ တန်ဖိုးငွေကျပ် ၃၆၀၀ ဖြင့် ဖြန့်ချိသည်။**

## ချစ်လို့ပြောသည်မှတ်ပါသည်နှင့် အမှတ်တရ ရသစာစုများ





လေယာဉ်မှူးကြီး သိန်းဇော်ရေးသားသည့် ချစ်လို့ပြောသည်မှတ်ပါသည်နှင့် အမှတ်တရ ရသစာစုများစာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်တွင် သုတ၊ ရသ ဆောင်းပါးပေါင်း ၂၅ ပုဒ် ပါရှိပြီး ရသအနုပညာမြောက်စွာ ဝတ္ထုတိုကောင်းတစ်ပုဒ်ပမာ စာဖတ်ရှုသူ၏ စိတ်ထဲသို့ စွဲငြိခံစားမိအောင် ရေးဖွဲ့ထားပါသည်။

**စာအုပ်ကို - Duty (ဂျူတီ) စာပေ၊ အမှတ် ၄၉၉၊ ၆ -လွှာ (က)၊ ဓမ္မာရုံလမ်း၊ ၁၀ ရပ်ကွက် လှိုင်မြို့နယ်မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## CONSTITUTIONS AND CONSTITUTIONAL COURTS OF THE NATIONS




ပါမောက္ခ ဒေါက်တာတင်အောင်အေး(ရန်ကုန်တက္ကသိုလ်-ပါမောက္ခချုပ်-ငြိမ်း) ရေးသားသည့် CONSTITUTIONS AND CONSTITUTIONAL COURTS OF THE NATIONS စာအုပ် တတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေလိုက်သည်။

ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ချိုးဖောက်ပြီးကာမှ မိမိသည် ယင်းဥပဒေကို မသိ၍ကျူးလွန်ခဲ့ပါသည်ဟု ပြော၍မရပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေအားလုံး၏ အခြေခံဖြစ်သည်။ နိုင်ငံသားတိုင်း နားလည်ရမည့် ဥပဒေဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခြင်းအားဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီးသုံးရပ်တို့ မည်သို့ခွဲဝေကျင့်သုံးသည်ကို သိနိုင်သည်။ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို နှိုင်းယှဉ်သုံးသပ်ဖော်ပြထားသည်။

**စာအုပ်ကို - အောင်ဇေစာပေ၊ ဖုန်း-၀၉၅၀၅၇၂၉၈ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## စာချုပ်စာတမ်း မှတ်ပုံတင်ကိစ္စများ (ဒုတိယအကြိမ်)





စာရေးသူ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် စာချုပ်စာတမ်း မှတ်ပုံတင်ကိစ္စများ (ဒုတိယအကြိမ်) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာချုပ်အမျိုးအစားများ၊ မှတ်ပုံတင်ခြင်း စာချုပ်စာတမ်းအမျိုးအစားအလိုက် တံဆိပ်ခေါင်းခွန်နှင့် မှတ်ပုံတင်ခသတ်မှတ်နှုန်းထားစာရင်း၊ မှတ်ပုံတင်စာချုပ်များချုပ်ဆိုရာတွင် သတိပြုဖော်ပြရမည့် မှတ်ပုံတင်ကွင်းဆက်များ၊ စာချုပ်များအကြောင်း၊ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရာတွင် လိုအပ်သည်များ ထမ်းဆောင်ရမည့် တံဆိပ်တော်ခေါင်း၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ မှတ်ချက်၊ မြေနှင့် အိမ်အရောင်းအဝယ် စာချုပ်နမူနာ စသည်ဖြင့် ဖော်ပြထားသည်။

**စာအုပ်ကို- မယ်နဲ့မောင်စာပေ ၊အမှတ်-၁၇၈(ပထမထပ်)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၄၄၃၀၄၅၈၃၅နှင့် ၀၁ ၅၁၅၃၆၄၀ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မနောရမ္မာ အုံတုံပင်ရွှေကျောင်း





မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာနိုင်ရန် သတိုးဆွေပြုစုရေးသားသည့် မနောရမ္မာ အုံတုံပင်ရွှေကျောင်းစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံသည် ကျွန်းသစ်ရတနာပေါများခဲ့သည့်အတွက် ရှေးမြန်မာတို့သည် ဘုန်းတော်ကြီးကျောင်းများကို ကျွန်းသစ်ဖြင့် ဆောက်လုပ်ခဲ့ကြပြီး ဆောက်လုပ်ရာတွင် မြန်မာလက်မှုပန်းပုအနုပညာ၊ ဘာသာတရားအပေါ်ထားရှိသည့်စိတ်ထား၊ ဉာဏ်အမြော်အမြင်နှင့် ပေါင်းစပ်ကာ ကျွန်းသားဖြင့်ထုလုပ်သည့် ရှားပါးလှပဆန်းကြယ်ခမ်းနားသည့် ဘုန်းတော်ကြီးကျောင်းများဖြစ်လာပြီး ယခုအခါ နိုင်ငံ၏အမွေအနှစ်တစ်ရပ်အဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူစရာပင်ဖြစ်သည်။ ထိုဘုန်းတော်ကြီးကျောင်းများအနက်မှ မနောရမ္မာ အုံတုံပင်ရွှေကျောင်းကြီးသည် နှစ်ပေါင်း ၂၈၀ ကျော် ကြာမြင့်ခဲ့သဖြင့် သက်တမ်းအရှည်ဆုံးကျောင်းဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို - ဖူဂျီယာမစာအုပ်တိုက်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၆၅၀၀၅၇၃၇ နှင့် ၀၉ ၅၀၀၅၇၃၇ မှ ထုတ်ဝေသည်။**

## အလင်းစကားဖွဲ့သီ မျက်ဝန်းဆီမှ





ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)စီစဉ်ရေးသားသည့် အလင်းစကားဖွဲ့သီ မျက်ဝန်းဆီမှ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ဆောင်းပါးစုစုပေါင်း ၂၂ ပုဒ်ပါရှိပြီး စာရေးသူ၏ ရင်တွင်းမေတ္တာ၊ စေတနာတွေပေါင်းစပ်ကာ ထွက်ပေါ်လာတဲ့ အလင်းစကားလေးများ "ဘဝထဲက အနုပညာ" ပုံရိပ်များကို သုတ၊ ရသ နွှယ်ယှက်ပြီး ရေးသားတင်ပြထားသည်။

**စာအုပ်ကို - လင်းရောင်သစ်စာပေ၊ အမှတ် ၂၆၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၅၁၅၀၀၅၀၊ ၀၉-၄၂၈၆၂၀၁၆၃ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## သူတို့စာ သူတို့စကား





အဆိုအမိန့်များကို လေ့လာလိုသူများအတွက် စာရေးဆရာ ကြည်သာဦး စီစဉ်ရေးသားသည့် သူတို့စာ သူတို့စကား စာအုပ်ထွက်ရှိလာသည်။

ဘဝမှာ အကြီးမားဆုံးသင်ခန်းစာကတော့ အရူးအမိုက်တွေတောင်မှ တစ်ခါတလေ မှန်နေတတ်တယ်ဆိုတာကို သိရတာပါပဲ။ ဘဝရည်မှန်းချက်တွေဟာ လုံ့လဝီရိယအပေါ်မူတည်ပါတယ်။ သူလုပ်နေတဲ့အလုပ်ကို ပြီးပြည့်စုံအောင်လုပ်မယ့် စက်ပြင်ဆရာဟာ သူ့ရဲ့လက်နက်ကိရိယာတွေကို ထက်အောင်သွေးရမှာဖြစ်ပါတယ်။ မျက်မမြင်ဖြစ်ရတဲ့အဖြစ်ထက် ပိုဆိုးတဲ့တစ်ခုတည်းသောအရာက အမြင်အာရုံရှိပြီး အမြင်မရှိတာပဲ စသည့်အဆိုအမိန့်များကို သိရှိနိုင်စေရန် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည်။

**စာအုပ်ကို-နန်းဒေဝီစာပေ၊ အမှတ်- ၂၀၀(ပထမထပ်)၊ ၃၆-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၃၀ ၂၅နှင့် ၃၉၁၆၃၃ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်း၏ ကနဦးလုပ်ငန်းစဉ်များ



စာရေးသူဦးဝင်းလှိုင်ဦး B.Ag(1992) စီစဉ်ရေးသားသည့် စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်း၏ ကနဦးလုပ်ငန်းစဉ်များ စာအုပ်ထွက်ရှိလာသည်။

တိုးချဲ့ပညာပေးဝန်ထမ်း၏ အဓိကတာဝန်သည် တောင်သူလယ်သမားများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဒေသခံတောင်သူများထံကွင်းဆင်း၍ ဟောပြောဆွေးနွေးပို့ချခြင်း၊ လက်တွေ့ပြသရခြင်းဖြစ်သည်။ တောင်သူများထံမှ အတွေ့အကြုံ၊ အချက်အလက်များရယူပြီး သင့်လျော်သော အချိန်အခါနှင့် ဒေသနှင့်ကိုက်ညီသောသီးနှံများအတွက် ပြန်လည်အသုံးချနိုင်ရန်နှင့် သုတေသနလုပ်ငန်းများအတွက် မျှဝေပေးရန်ဖြစ်သည်။ တောင်သူများနှင့်ထိတွေ့ဆက်ဆံရန် အထွေထွေဗဟုသုတများ ပြည့်စုံရန်လိုအပ်ကြောင်းရေးသားထာသည်။

**စာအုပ်ကို - ရှင်မတောင်စာပေ၊ အမှတ်- ၂၉၆၊ အနော်မာအရှေ့(၇)လမ်း၊ ၁/သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၇၉၈၁၈၉၁၄၈ နှင့် ၀၉ ၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**




## Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုတို့က အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံ Forever Group နှင့် ကိုရီးယားနိုင်ငံ EBS (Education Broadcast System) တို့ ပူးပေါင်းရိုက်ကူးခဲ့သည့် ကြီးမြတ်သောမြန်မာ (The Great Myanmar) 3D Docufiction ရုပ်ရှင်ဇာတ်ကားကြီးကို (၁၅.၈.၂၀၁၉) ရက်နေ့ မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံတင်ပြသခဲ့ရာ ပြသခွင့်ရရှိသောရုံနှင့် ပွဲချိန်များတွင် ရုံပြည့်ရုံလျှံ အားပေးခဲ့ကြသော ပရိသတ်များ၊ ပရိသတ်များအတွက် အထူးကြိုးစားပြသပေးပါသော ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီပိုင်ရုပ်ရှင်ရုံအုပ်စုများနှင့် သီးခြားရုပ်ရှင်ရုံများ၊ ရုံရက်ချိတ်နိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ပေးပါသော ရုံရက်ချိတ်မန်နေဂျာနှင့် ဒေသဆိုင်ရာ တာဝန်ခံမန်နေဂျာများ၊ ရုပ်ရှင်ကိုကြည့်ရှုပြီးနောက် ဝေဖန်ထောက်ပြ ရေးသားပြောဆိုအကြံပြုပေးပါသော ပရိသတ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို

Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ကားကြီး မိသားစုတို့ မှ အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

မကြည့်ရှုရသေးသော ပရိသတ်ကြီးများ ကြည့်ရှုနိုင်ရန်အတွက် (၂၂.၈.၂၀၁၉) ရက်နေ့ မှစတင်၍ ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်သူများ၏ စီစဉ်ပေးမှုအရ အောက်ဖော်ပြပါရုပ်ရှင်ရုံများတွင် ဆက်လက်ပြသသွားမည်ဖြစ်ပါကြောင်း ထပ်လောင်း၍ သတင်းကောင်းပါးအပ်ပါသည်။

## ၂၂.၈.၂၀၁၉ ရက်နေ့ မှစတင်၍ ဆက်လက်ပြသသွားမည့် ရုပ်ရှင်ရုံများ

### ရန်ကုန်

| JCGV | 2D | 3D |
|---|---|---|
| Junction City | | ✓ |
| Junction Square | | ✓ |
| City Mall | ✓ | |
| Maw Tin | ✓ | |
| **မင်္ဂလာ** | | |
| ရွှေဂုံဆောင် | | ✓ |
| မင်္ဂလာ (တောင်ဒဂုံ) | | ✓ |
| မင်္ဂလာ (ဂမုန်းပွင့်) | | ✓ |
| **Mega Ace** | | |
| မြို့တော်နှာ (သာကေတ) | ✓ | |
| ရွှေဖဟိုရ် (တာမွေ) | | ✓ |
| ကန်သာယာ (မြောက်ဥက္ကလာ) | | ✓ |
| Capital ဒေါပုံ | | ✓ |
| Super One လှိုင်သာယာ | ✓ | |
| **Red Radiance** | | |
| လှည်းတန်း | | ✓ |
| မြို့ဟံသာ (သန်လျင်) | ✓ | |
| ရန်ကင်းစင်တာ | ✓ | |
| **အခြားရုံများ** | | |
| ရွှေပြည်သာ | ✓ | |

### မန္တလေး

| JCGV | 2D | 3D |
|---|---|---|
| မန္တလေး | ✓ | |
| **မင်္ဂလာ** | | |
| မင်္ဂလာဒိုင်းမွန်း | | ✓ |
| **Mega Ace** | | |
| ငြိမ့်လက်ရောင် | ✓ | |

### နေပြည်တော်

| JCGV | 2D | 3D |
|---|---|---|
| နေပြည်တော် | ✓ | |

### ပျဉ်းမနား

| Paradiso | 2D | 3D |
|---|---|---|
| Paradiso | ✓ | |

### မုံရွာ

| မင်္ဂလာ | 2D | 3D |
|---|---|---|
| မင်္ဂလာ (အိုးရှင်း) | | ✓ |

### ပြည်

| မင်္ဂလာ | 2D | 3D |
|---|---|---|
| မင်္ဂလာထွန်းသီရိ | | ✓ |

### မော်လမြိုင်

| JCGV | 2D | 3D |
|---|---|---|
| မော်လမြိုင် | ✓ | |
| **Paradiso** | **2D** | **3D** |
| Paradiso | | ✓ |

### ပဲခူး

| မင်္ဂလာ | 2D | 3D |
|---|---|---|
| Mingalar (Icon Shoping Mall) | | ✓ |
| **Paradiso** | **2D** | **3D** |
| Paradiso | ✓ | |

### မြစ်ကြီးနား

| အခြားရုံများ | 2D | 3D |
|---|---|---|
| ရော (မြစ်ကြီးနား) | ✓ | |

### မိုးကောင်း

| အခြားရုံများ | 2D | 3D |
|---|---|---|
| ရော (မိုးကောင်း) | | ✓ |

### မိုးညှင်း

| အခြားရုံများ | 2D | 3D |
|---|---|---|
| ရွှေပြည်တော် | ✓ | |

JCGV Mega Ace Mingalar PARADISO CINEMAS RED RADIANCE

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းရီ

### အသက် (၉၈) နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့ အမှတ်(၄/ ၂၀-၂၁)၊ (၉)လမ်း၊ ရွှေချီရပ်နေ (ဦးဘသော်-ဒေါ်ကြင်မြိုင်)တို့၏ သမီး၊ (ဦးသာရ)၏ဇနီး၊ ဦးဝင်းခိုင်-ဒေါ်ခင်စောဝင်း၊ ဦးဆလိုင်းလှရွှေ-ဒေါ်ခင်သန်းနွယ်၊ ဦးဇော်လွင်မြင့်-ဒေါ်အေးမြင့်ခိုင်၊ ဒေါ်ချိုချို၊ ဦးဝင်းမြင့်-ဒေါ်သီသီအေး၊ ဦးစိုးနိုင်၊ ဦးထွန်းထွန်းသာ၊ ဦးကိုကိုသာ-ဒေါ်တင့်တင့်နိုင်၊ ဦးညီညီသာ၊ ဒေါ်ဖြူဖြူသာတို့၏မိခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၈-၂၀၁၉(တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၉ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးယုစိန် (ဥက္ကံမြို့)

ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း (ကက-ငွေ)

### အသက် (၈၉) နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ်(၄၀)နေ (ဦးကြင်-ဒေါ်အုံးမြင့်)တို့၏ သား၊ (ဦးစိန်ဂွမ်-ဒေါ်ငွေရင်)တို့၏ သားသမက်၊ (ဒေါ်သန်းညွန့်)၏ခင်ပွန်း၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းမူ၊ ဦးအောင်ကျော်ဇော-ဒေါ်အေးအေးသိန်း၊ ဦးသန်းဦး (MARINA-CO)-ဒေါ်မေအေးခိုင်တို့၏ ချစ်လှစွာသောဖခင်၊ ကိုမျိုးသူ-မခိုင်ဆွေလတ်၊ မယဉ်နွယ်မြင့်(ခေတ္တ-UK)၊ ကိုကျော်ဇောထွဋ်-မခိုင်သီတာစိုး(ခေတ္တ-ဩစတြေးလျ)၊ ကိုအောင်ဇော်ထွဋ် (အဏ္ဏဝါ ကားပြုပြင်ရေးနှင့် ရေဆေးလုပ်ငန်း)၊ ကိုမိုးလုံးပြည့် (ရိုးမဘဏ်)၊ မောင်ချာန်ရဲထွဋ်၊ မထက်ဦးမေတို့၏ အဘိုး၊ စောဂျွန်ကိုကိုလေး၊ ကင်းစလီထွဋ်၊ မသုမ္ဗန်သာတို့၏ဘိုးဘိုးကြီးသည် ၂၀-၈-၂၀၁၉ ရက် ည ၈း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (ကြည်း-၉၈၃၄)၊ ငြိမ်း

### အသက် (၈၆) နှစ်

မြင်းခြံမြို့ (၁၀)ရပ်ကွက်နေ (ဦးမောင်မောင်-ဒေါ်သန်း)၊ ဒေါ်မြိုင်တို့၏မောင်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ စိန်လှုံ့ခြံနေ (ဦးဟန်ထွန်းမောင်)-ဒေါ်ကျင်တို့၏ အစ်ကို၊ မန္တလေးမြို့ စိန်ပန်းရပ်၊ ယဉ်ပုံရပ်၊ မဟာစည်ရိပ်သာလမ်းနေ ဒေါ်ဥမ္မာဝင်း၊ ဒေါက်တာချစ်သက်အောင်(တွဲဖက်ပါမောက္ခ၊ မန္တလေးဆေး တက္ကသိုလ်)-ဒေါက်တာချောစုဝင်း (သားဖွားမီးယပ်အထူးကု ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေး)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ မန္တလေးမြို့နေ ဒေါ်ခင်သောင်း(ကထိက-ငြိမ်း၊ မန္တလေးတက္ကသိုလ်)၏ ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ကြည်း-၉၈၃၄)၊ (ငြိမ်း)သည် ၂၀-၈-၂၀၁၉ ရက် ညနေ ၃ နာရီတွင် GRAND MANDALAY HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် စိန်ပန်းရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဒုတိယဗိုလ်မှူးကြီး ကျော်ဆွေ (ငြိမ်း)

OTS-59

ကြည်း-၁၆၀၃၉

### အသက် (၆၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ တပ်ကြီးကုန်းရပ်ကွက်၊ လေထီးလမ်းနေ (ဦးစံအေး-ဒေါ်ထွေး)၊ (ဦးတင်လှ-ဒေါ်ကြည်)တို့၏သား၊ ဒေါ်တင်စမ်းကြည်၏ခင်ပွန်း၊ ဦးကောင်းထက်-ဒေါ်ယမင်းသိင်္ဂီဆွေ၊ ဦးအောင်နိုင်လင်း-ဒေါ်စံပယ်မိုးဆွေ၊ ဦးဝင်းထူး-ဒေါ်စန္ဒီကျော်၊ မကေဇင်ဝင်းပကျော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မသြမြတ်သိင်္ဂီ၏အဘိုး လ/ထအထွေထွေမန်နေဂျာ (စီးပွားရေး)၊ မြန်မာ့မီးရထား(ငြိမ်း)၊ မွန်မြတ်နှလုံးသားလေထီးစစ်သည်/စစ်သမီး၊ လူမှုကူညီမှုအသင်း၏နာယက၊ မြင့်မြတ်စေတနာပရဟိတအသင်း (မှော်ဘီ)၏နာယက ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း)သည် ၂၀-၈-၂၀၁၉ ရက် ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် မှော်ဘီမြို့ တပ်ကြီးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းညွန့် (ရန်ကင်း)

ပြည်ထဲရေးဝန်ကြီးဌာန (ငြိမ်း)

### အသက် (၉၆) နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၁)၊ တိုက်(၁၆)၊ အခန်း(၅)နေ (ဦးတင်-ဒေါ်ငြေး)တို့၏သမီးကြီး၊ (ဦးသိန်း)၏ ဇနီး၊ ဒေါ်စန်းစန်းနွယ် (စက်မှု-၁၊ ငြိမ်း)၊ ဒေါ်ညိမ်းညိမ်းနွယ်(ကကလုံ-ငြိမ်း)၊ ဦးနေဝင်း(တိုင်းချစ်ဆွေပွဲရုံ)-ဒေါ်ခင်ခင်နွယ်၊ ဦးအောင်ဖေသိန်း(ရွှေစဉ်စတိုး)-ဒေါ်ဝင်းဝင်းဦးတို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မခင်ယမင်းဦး(ခေတ္တ-စင်ကာပူ)၊ ကိုဖြိုးသီဟအောင် (G.G.I. Co.,Ltd)၊ မဖြူဖြူနေဝင်း(ခေတ္တ-အမေရိကန်)တို့၏ဘွားဘွားကြီးသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၈-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းရီ

### အသက် (၈၆) နှစ်

ရန်ကုန်မြို့ အမှတ်(၁၈)၊ (၂၂)လမ်း၊ လသာ(၅)ရပ်ကွက်နေ (ဦးချောင်းအင်-ဒေါ်ရှုအင်)တို့၏သမီး၊ ဦးစိန်သောင်း၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်အေး-ဒေါ်တင်တင်ဝင်း၊ ဦးတင့်လွင်ဦး-ဒေါ်ချယ်ရီ၊ ဦးရီလှုံလင်း-ဒေါက်တာဒေါ်သင်းသင်းမာ၊ ဦးသိန်းနိုင်-ဒေါ်နှင်းနှင်းမာ၊ ဦးမြင့်နိုင်(ခ) ဦးတင့်နိုင်ထွေး-ဒေါက်တာ ဒေါ်သူဇာဝေတို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်သန်းရီသည် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ လသာမြို့နယ်၊ ၅-ရပ်ကွက်၊ ၂၂-လမ်း၊ အမှတ်-၁၈ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးစိုးရီ (ရွှေကျင်အသင်းဝင်)

### အသက် (၇၈) နှစ်

ဦးနေလင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီ)-ဒေါ်စိမ်းစိမ်းစိုးတို့၏ဖခင်သည် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

## ဦးလှကျော် (တောင်ငူ)

### အသက် (၉၂) နှစ်

ပင်းတယမြို့နေ (ဦးဗလှ-ဒေါ်သောင်)တို့၏သား၊ တောင်ငူမြို့နေ (သမားတော်ကြီး ဦးဘရင်-ဒေါ်သန်းသန်း)တို့၏ သားသမက်၊ (ဒေါ်မြမြသိန်း)၏ ခင်ပွန်း၊ (ဦးသိန်းထွန်း)-ဒေါ်ခင်မျိုးနွယ်၊ ဒေါ်ခင်မျိုးကြွယ်၊ ဦးမြင့်ဟန်-ဒေါ်နှင်းဆီ၊ (ဦးမြင့်ဦး)၊ ဦးကြည်လင်း(B.A-Law, LL.B၊ တရားလွှတ်တော်ရှေ့နေနှင့် ဘဏ်ရှေ့နေ)-ဒေါ်ခင်ခင်ထူးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ကိုးယောက်၊ မြစ် ၁၄ ယောက်၊ တီတစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ရှမ်းပွဲစားကြီး ဦးလှကျော်သည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ (၁၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၅)နေအိမ်မှ တောင်ငူအနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်အုန်းကြည်

ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဒါရိုက်တာ (TOK CONSULTANCY AND SERVICES CO.,LTD)

### အသက် (၆၈) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ အမှတ်(၁၀၇)၊ သရက်တော (၅) လမ်းနေ (ဦးဘရီ-ဒေါ်ကျင်ဆိုင်)တို့၏ သမီး၊ ဦးမြင့်ဆွေ-ဒေါ်ခင်တိုးမြင့်တို့၏ ညီမ၊ ဦးမောင်မောင်ကျင်-ဒေါ်ခင်အုန်းရီတို့၏ အစ်မ၊ ဒေါ်မြတ်ဆုပိုင် (မန်နေးဂျင်းဒါရိုက်တာ၊ TOK Consultancy and Services Co.,Ltd)၊ (ဦးအောင်မြတ်သူ)တို့၏ မိခင်၊ မောင်ဘုန်းမင်းပြည့်၏အဘွား၊ ဦးဆန်းဦး၏ဇနီးသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ ကြည့်မြင်တိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသူရကျော်(အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာသက်သက်အောင် (အထူးကုဆရာဝန်ကြီး၊ အကြောအဆစ်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)တို့၏မိခင်ကြီး ဒေါ်ခင်ဆွေဦး (သန်လျင်၊ သဘာဝတရားရိပ်သာ) အသက်(၇၇)နှစ်သည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကင်ဆာရောဂါဆေးပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဆွေဦး (သန်လျင်၊ သဘာဝတရားရိပ်သာ)

### အသက် (၇၇) နှစ်

သန်လျင်မြို့ သဘာဝတရားရိပ်သာနေ (ဦးစိန်ဖေ-ဒေါ်ခင်မာအေး)တို့၏ သမီး၊ [ဒုတိယဗိုလ်မှူးကြီး ကျော်အေး(ငြိမ်း)]၏ဇနီး၊ ဦးအောင်ကျော်ကျော်ဦး-ဒေါ်ဆွေဇင်ထိုက်၊ ဒေါက်တာသူရကျော် (အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါ ဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာသက်သက်အောင် (အထူးကုဆရာဝန်ကြီး၊ အကြောအဆစ်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မမိုးပြည့်ပြည့်ကျော်၊ မောင်သွင်ပြည့်စုံထွန်း၊ မောင်ဝေယံမိုးအောင်တို့၏ အဘွားသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

အာနိစ္စ

## ဦးထွန်းရွှေ (ကစလ-ငြိမ်း)

တပ်မတော်ကလေးများ အလယ်တန်း၊ အထက်တန်းကျောင်းသားဟောင်း (မင်္ဂလာဒုံ)

### အသက် (၈၀)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ (ဦးအုန်း-ဒေါ်စံညွန့်)တို့၏ သား၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဆရာဖေလမ်းနေ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးအောင်သူ-ဒေါ်မြင့်မြင့်သူ၊ ဒေါ်သူဇာဝင်းတို့၏ဖခင်၊ မသဥ္ဇာအောင်၊ မောင်ဆန်းဆင့်တို့၏အဘိုး၊ (ဒေါ်အေးရှင်)၏ ခင်ပွန်းသည် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြမြသန်း (စလေ)

### အသက် (၇၄) နှစ်

စလေမြို့နေ (ဦးဝင်းဖေ-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်သိုက်)တို့၏သမီးချွေးမ၊ (ဦးဇော်မင်းနိုင်)-ဒေါ်မြမြစိုး(စလေမြို့)၊ ဦးအောင်နိုင်-ဒေါ်ယုယုနိုင် (နေပြည်တော်)၊ ဦးကြည်မင်းနိုင်-ဒေါ်ခိုင်စံပယ်၊ ဦးရဲမင်းနိုင်-ဒေါ်နန္ဒာဝင်း၊ မချိုချိုနိုင်တို့၏မွေးသမိခင်၊ [ဦးစန်းမောင်(ခ) Dr. ထွန်းအေးနိုင်]၏ဇနီး ဒေါ်မြမြသန်းသည် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Aung Zabu Tun Industrial Ltd ၏ Director ဦးကျော်ဆန်းထွန်း၊ Logistic Manager ဦးကျော်မင်းထွန်းတို့၏ဖခင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ အမှတ်(၄၄)၊ သီရိဇေယျာလမ်းနေ ဦးထွန်းသိန်း အသက်(၈၄)နှစ်သည် ၁၉-၈-၂၀၁၉ (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**BOD နှင့်ဝန်ထမ်းများ**

**Aung Zabu Tun Industrial Ltd**

---

မြန်မာစာချစ်သူများအသင်း (မအူပင်)

## ဒေါ်ခင်ဝင်းမာ (မအူပင်)

### အသက် (၆၉) နှစ်

စာရေးဆရာမ စကားဝါအောင် (မအူပင်)

ဥက္ကဋ္ဌ၊ မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း (မအူပင်)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၃) ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဒေါ်ခင်ဝင်းမာသည် ၁၉-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့
မြန်မာစာပေချစ်မြတ်နိုးသူများအသင်း
(မအူပင်)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဒေါ်သန်းသန်းမြင့်

ဒု-လ/ထညွှန်မှူး (ငြိမ်း)၊ MPE ၊ စွမ်းအင်ဝန်ကြီးဌာန

### အသက် (၇၄) နှစ်

ရန်ကုန်မြို့ လမ်း(၃၀)နေ (ဦးလှမောင်-ဒေါ်ကျော့ရှင်)တို့၏ သမီး၊ ကျုံပျော်မြို့နေ (ဦးမောင်သွင်-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ ဒဂုံမြောက်ပိုင်းမြို့နယ်နေ ဦးလှမြင့် (ပါတီစာနယ်ဇင်း-ကျုံပျော်)၏ဇနီး၊ စစ်ကိုင်းမြို့နေ (ဒေါက်တာဦးလှရွှေ)-ဒေါ်စိန်ရင်၊ ရန်ကုန်မြို့နေ ဦးတင်အေး(ပို့ဆက်/ဦးစီး)၊ (ဦးတင်လေး)တို့၏ညီမ၊ ဒေါ်စန်းစန်းအေး၊ ဒေါ်စန်းစန်းငြေး (လသာ-၂၊ ငြိမ်း)တို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးမြင့်ရွှေ (တပ်မတော်-ရေ)-(ဒေါ်စီဘယ်လ်ရွှေ)၊ ကျုံပျော်မြို့နေ ဒေါ်ခင်ညွန့်တို့၏ညီမ၊ အင်္ဂလန်နေ ချမ်းငြိမ်းဦး၏မိခင်၊ အမေရိကန်နေ ကိုကိုဦး၊ အင်္ဂလန်နေ ကျော်စိုးအောင်-မိုးဆောင်းဦးတို့၏ အဒေါ် ဒေါ်သန်းသန်းမြင့်သည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၂၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ ဒဂုံမြောက်ပိုင်းမြို့နယ်၊ ၃၇-ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ်-၅၀၅ နေအိမ်မှကားများ နံနက် ၁၀ နာရီ၊ ရန်ကုန်မြို့ လမ်း-၃၀ နှင့် မဟာဗန္ဓုလထိပ်တို့မှ ကားများ နံနက် ၈း၃၀ နာရီတို့တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါဒဂုံမြောက်ပိုင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဘေးသင့်ဒေသများအတွက် ရေယာဉ်လှူဒါန်းပွဲ တက်ရောက်


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဘေးသင့်ဒေသများအတွက် ရေယာဉ်လှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ဒေသများအတွက် ရေယာဉ်တစ်စင်း ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးအောင်နှင့် ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

# ကမ္ဘာ့နဂါးလှေပြိုင်ပွဲတွင် မြန်မာလှေလှော်အသင်း ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပလျက်ရှိသော (၁၄)ကြိမ်မြောက် ကမ္ဘာ့နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲ (14th World Dragon Boat Racing Championship) ပထမနေ့ ပွဲစဉ် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၈ မိနစ်တွင် ကစားသော ယူ ၂၄ အမျိုးသား၊ အမျိုးသမီး အရော ၁၀ တက်လှော် မီတာ (၂၀၀၀) ပြိုင်ပွဲ၌ မြန်မာအသင်း ပွဲဦးထွက် ရွှေတံဆိပ်ဆု ရရှိခဲ့သည်။


(၁၄)ကြိမ်မြောက် ကမ္ဘာ့နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များအပြီးတွင် မြန်မာအသင်း အောင်ပွဲခံစဉ်။

မြန်မာအသင်းသည် ၉ မိနစ် ၂၇ ဒသမ ၉၈၀ စက္ကန့်ဖြင့် ပထမဆု ရရှိခြင်းဖြစ်ပြီး ကနေဒါအသင်းက ၉ မိနစ် ၃၂ ဒသမ ၈၄၀ စက္ကန့်ဖြင့် ဒုတိယ၊ ဩစတြေးလျအသင်းက ၉ မိနစ် ၅၀ ဒသမ ၂၂၀ စက္ကန့်ဖြင့် တတိယ ရရှိခဲ့သည်။

ဒုတိယပွဲအဖြစ် နံနက် ၁၀ နာရီ ၆ မိနစ်တွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သော အမျိုးသား၊ အမျိုးသမီး Premier (Mixed) မီတာ (၂၀၀၀) ပွဲစဉ်၌ မြန်မာအသင်းမှာ စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲစဉ်၌ ပထမ အီတလီ၊ ဒုတိယ ထိုင်း၊ တတိယ ကနေဒါအသင်းတို့က ရရှိခဲ့သည်။

မွန်းလွဲ ၁ နာရီ ၁၈ မိနစ်တွင် ယှဉ်ပြိုင်သော အသက် ၂၄ နှစ်အောက် အမျိုးသမီး မီတာ (၂၀၀၀) ပွဲစဉ်၌ မြန်မာအသင်းက ဒုတိယမြောက် ရွှေတံဆိပ် ရယူနိုင်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ◆


## ကြေးမုံ ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံကို တီဘီရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများစာရင်း၌ မပါဝင်စေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ် စာမျက်နှာ » ၉

ဟောင်ကောင်က နီပေါရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ဖိုး ကူညီမည် စာမျက်နှာ » ၁၃

ရေကြီးရေလျှံချိန်၌ သတိပြုရမည့် လျှပ်စစ်အန္တရာယ်များ စာမျက်နှာ » ၁၅

YBS ယာဉ်လိုင်းများ ယာဉ်စီးခနှုန်းထားတိုးမြှင့်သတ်မှတ်မည်ဆိုသည့်သတင်းမှာ မဟုတ်မှန်ကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ပြောကြား စာမျက်နှာ » ၁၈



